မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၄ ] ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် ( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် ) } သောကြာနေ့ [ အတွဲ ၆၈

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဝင်းခန့်<br>ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးဝန်ကြီးဌာန |
| ( ခ ) | ပါမောက္ခဒေါက်တာရွှေတိုး<br>ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဒေါက်တာခင်မောင်လတ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အဏုမြူစွမ်းအင်ဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|
| (ခ) ဦးဝင်းမော်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုနှင့်သက်မွေးပညာဦးစီးဌာန<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း လေ့လာဆန်းစစ်ရေးကော်မတီဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အခွန့်ရှည်တည်တံ့ခိုင်မြဲမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့်ကိုယ်ကျင့်တရားကောင်းမွန်ပြီး ဗလငါးတန်ပြည့်စုံမှုစသည့် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့် အမျိုးသားပညာရေးဥပဒေဖြစ်ပေါ်လာရေးအတွက် **"အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း လေ့လာဆန်းစစ်ရေးကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ (၁) |
| (၂) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ (၂) |
| (၃) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ပြည်ထောင်စုဝန်ကြီး<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ပြည်ထောင်စုဝန်ကြီး<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၂) ပြည်ထောင်စုဝန်ကြီး
စွမ်းအင်ဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၃) ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၄) ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၅) ပြည်ထောင်စုဝန်ကြီး
ယဉ်ကျေးမှုဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၆) ပြည်ထောင်စုဝန်ကြီး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၇) ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး — အဖွဲ့ဝင်

(၁၈) ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ဝင်

(၁၉) ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၅) — အတွင်းရေးမှူး (၁)

(၂၀) ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၆) — အတွင်းရေးမှူး (၂)

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

## မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ဆေးဝါးနှင့်အစားအသောက်များကို အများပြည်သူသုံးစွဲခြင်း၊ စားသုံးခြင်းပြုနိုင်ရန်လည်းကောင်း၊ ဆေးဝါးနှင့်အစားအသောက်ဆိုင်ရာကိစ္စရပ်များကို ကွပ်ကဲထိန်းသိမ်းရေးအတွက် စနစ်တကျဆောင်ရွက်နိုင်ရန်လည်းကောင်း ရည်ရွယ်လျက် အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၄ အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဥပဒေပါ အစားအသောက်နှင့် ဆေးဝါးဆိုင်ရာကိစ္စရပ်များကိုဆောင်ရွက်ရန် **မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသိပ္ပံပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)
ကျန်းမာရေးဝန်ကြီးဌာန

(ဍ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဎ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဏ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ ၏ (၂၄-၄-၂၀၀၀) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၀၀ ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

### တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့တွင် တွဲဖက်အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်ဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၁၅-၁၂-၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၅/၂၀၁၄) ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည့် **"တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့"** တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဖြည့်စွက် ဖွဲ့စည်းလိုက်ပါသည် -

(၁) ဦးအုန်းသန်း　　တွဲဖက်အတွင်းရေးမှူး (၁)
ဒုတိယဝန်ကြီး (လယ်ယာ)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၂) ဦးခင်ဇော်　　တွဲဖက်အတွင်းရေးမှူး (၂)
ဒုတိယဝန်ကြီး (ဆည်မြောင်း)
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၃) ဦးကျော်ဝင်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စိုက်ပျိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

### ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများမြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ (၈-၈-၂၀၁၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် **"ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေး အထူးလုပ်ငန်းအဖွဲ့"** တွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဖြည့်စွက် ဖွဲ့စည်းလိုက်ပါသည် -

(၁) ဒေါက်တာစန်းလွင်　　ဒုတိယဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၅)

(၂) ဦးဇော်မင်းဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

အမှတ် ၁၆၆ ။ ။ ၁၈၇၂ ခုနှစ်၊ ခရစ်ယာန်ဘာသာဝင်များ ထိမ်းမြားမှုအက်ဥပဒေပုဒ်မ ၆ အရ ခရစ်ယာန်ဘာသာဝင်အချင်းချင်းကိုသော်လည်းကောင်း၊ ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် အခြားဘာသာဝင် တစ်ဦးဦးကိုသော်လည်းကောင်း လက်ထပ်ထိမ်းမြားပေးပိုင်ခွင့် လိုင်စင်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ဒက္ခိဏခရိုင်၊ နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ မြန်မာနှစ်ခြင်းခရစ်ယာန် အသင်းတော်၏ သိက္ခာတော်ရ ဆရာတော် ဒေါက်တာ ဦးတင်မောင်အေးအား ထုတ်ပေးလိုက်သည်။

ထွန်းထွန်းဦး၊
ပြည်ထောင်စုတရားသူကြီးချုပ်၊
ပြည်ထောင်စုတရားလွှတ်တော်ချုပ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

### မြေ (၃. ၀၂၂) ဧကရှိ အမှတ် (၂) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃)၊ ပင်မစက်ရုံ၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစား စက်မှုလုပ်ငန်းပိုင်မြေ (၂. ၉၁) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃)၊ ပင်မစက်ရုံ၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဦးသိန်းဝင်းဇော် (ရွှေပျိုင်းဖြူကုမ္ပဏီလီမိတက်) သို့ ကျပ် (၂၀၀၀) သန်းဖြင့် ရောင်းချခဲ့ပါသည်။

၂။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၄/၂၀၁၂) ၏ သဘောတူအတည်ပြုချက်အရ မြေ (၃. ၀၂၂) ဧကဖြင့် ပြန်လည် တိုင်းတာ အတည်ပြုခဲ့ပြီး၊ ပိုမြေ (၀. ၁၁၂) ဧကအတွက် ကျပ် (၆၁. ၀၉၂) သန်းအား ထပ်မံပေးသွင်း၍ ရောင်းချတန်ဖိုးအား ကျပ် (၂၀၀၀) သန်းအစားကျပ် (၂၀၆၁. ၀၉၂) သန်းဖြင့် ပြန်လည်သတ်မှတ်ခဲ့ပါသည်။

၃။ ဦးသိန်းဝင်းဇော် (ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်)သည် မြေ (၃. ၀၂၂) ဧကရှိ အမှတ် (၂) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃)၊ ပင်မစက်ရုံ၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တန်ဖိုးငွေ ကျပ် (၂၀၆၁. ၀၉၂) သန်းကို ၃-၁-၂၀၁၄ ရက်နေ့တွင် အကျေ ပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်ရက်နေ့မှ ရက် သတ္တနှစ်ပတ်အတွင်း စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစား စက်မှုလုပ်ငန်းပိုင်မြေ (၃. ၀၂၂) ဧကရှိ အမှတ် (၂) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃)၊ ပင်မစက်ရုံ၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို ဦးသိန်းဝင်းဇော် (ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်) သို့ စနစ်တကျ လွှဲပြောင်းပေးရန် ဖြစ်သည်။

၅။ မြေ (၃. ၀၂၂) ဧကရှိ အမှတ် (၂) စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ အလုပ်ရုံ (၃) ပင်မစက်ရုံ၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဝယ်ယူသူ ဦးသိန်းဝင်းဇော် (ရွှေဗျိုင်းဖြူကုမ္ပဏီလီမိတက်) ၏ အမည်ပေါက် မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာ ရေးကော်မတီမှာ တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၆။ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက် ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ [စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

(ဒေါက်တာကံဇော်)
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၄

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

### မြေ (၄. ၉၉) ဧကရှိ ဆီသန့်စက်ရုံ၊ အမှတ် (၁၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း

၁။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင် အစည်းအဝေးအမှတ် (၁/၂၀၁၁) ၏ သဘောတူအတည်ပြုချက်အရ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းပိုင် မြေ (၄. ၉၉) ဧကရှိ ဆီသန့်စက်ရုံ၊ အမှတ် (၁၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဒေါ်သိင်္ဂီလင်း + ဒေါ်မြင့်မြင့်သိန်းတို့သို့ ကျပ် (၉၁၂၃. ၄၀) သန်းဖြင့် အပြီးအပြတ် ရောင်းချလိုက်သည်။

၂။ ဒေါ်သိင်္ဂီလင်း + ဒေါ်မြင့်မြင့်သိန်းတို့သည် မြေ (၄. ၉၉) ဧကရှိ ဆီသန့်စက်ရုံ၊ အမှတ် (၁၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွက် တန်ဖိုးငွေကျပ် (၉၁၂၃. ၄၀) သန်းကို ၅-၂-၂၀၁၄ ရက်နေ့တွင် အကျေပေးသွင်းခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လွှဲပြောင်းပေးရေးအတွက် ကော်မရှင်ရုံးမှ အကြောင်းကြားစာပေးပို့သည့်နေ့မှ ရက်သတ္တ နှစ်ပတ်အတွင်းစက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းပိုင်မြေ (၄. ၉၉)ဧကရှိ ဆီသန့်စက်ရုံ၊

အမှတ် (၁၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား ဒေါ်သီဂီလင်း + ဒေါ်မြင့်မြင့်သိန်းတို့သို့ စနစ်တကျ လွှဲပြောင်းပေးရန် ဖြစ်သည်။

၄။ မြေ (၄. ၉၉)ဧကရှိ ဆီသန့်စက်ရုံ၊ အမှတ် (၁၆)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကို ဝယ်ယူသူ ဒေါ်သီဂီလင်း + ဒေါ်မြင့်မြင့်သိန်းတို့၏ အမည်ပေါက် မြေဂရန်ထုတ်ပေးရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်သည်။

၅။ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းသည် လွှဲပြောင်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး [စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်] သို့ အစီရင်ခံတင်ပြရန်ဖြစ်သည်။

အမိန့်အရ

(ဒေါက်တာကံဇော်)
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၄

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

## တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးပြောင်းလဲတိုးတက်ရန်အတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင်အချိုးအစားကို ပြောင်းလဲတိုးတက် လုပ်ဆောင်နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်များအား စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၉-၆-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၂ အပိုဒ် ၂ (ဈ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် “တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ” ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း) — အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး(မြေနှင့်အခွန်/မြေတိုင်း) — အဖွဲ့ဝင်
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) — အဖွဲ့ဝင်
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
စွမ်းအင်ဝန်ကြီးဌာန

(ဋ) အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) — အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဎ) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ

- (၁) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
  ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး
  ကချင်ပြည်နယ်အစိုးရအဖွဲ့

- (၂) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
  ကယားပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန
  ကယားပြည်နယ်အစိုးရအဖွဲ့

- (၃) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
  ကရင်ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန
  ကရင်ပြည်နယ်အစိုးရအဖွဲ့

- (၄) ပြည်နယ်အခွန်မှူး — အဖွဲ့ဝင်
  ချင်းပြည်နယ်အခွန်ဦးစီးဌာန
  ချင်းပြည်နယ်အစိုးရအဖွဲ့

- (၅) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
  မွန်ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန
  မွန်ပြည်နယ်အစိုးရအဖွဲ့

- (၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
  ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး
  ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၈) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(၉) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး
ဦးစီးဌာန
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၀) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၁) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးစီမံကိန်းရေးဆွဲရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၂) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၃) တိုင်းဒေသကြီးဦးစီးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၄) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
စက်မှုညွှန်ကြားရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

၂။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ တန်ဖိုးတွက်ချက်ရန် တာဝန်ပေးအပ်သည့် လုပ်ငန်းများ၏ တန်ဖိုးကို တွက်ချက်သတ်မှတ်၍ ပြန်လည်တင်ပြရန်၊

(ခ) တန်ဖိုးတွက်ချက်ရမည့် လုပ်ငန်းတည်ရှိရာဒေသသည် လုံခြုံရေးအခက်အခဲရှိသည့် ဒေသအတွင်း ဖြစ်ပါက အဖွဲ့ဝင်များလုံခြုံရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များထံ တင်ပြတောင်းခံဆောင်ရွက်ရန်၊

(ဂ) တန်ဖိုးတွက်ချက်ရမည့် လုပ်ငန်းများတည်ရှိရာဒေသများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး တန်ဖိုး တွက်ချက်သတ်မှတ်ရန်၊ ကွင်းဆင်းစစ်ဆေးရန် အခက်အခဲရှိပါက တန်ဖိုးတွက်ချက်ရမည့် လုပ်ငန်းများ တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ် အတွင်းရှိ တိုင်းဒေသကြီး/ပြည်နယ် သို့မဟုတ် မြို့နယ်အဆင့် အဖွဲ့အစည်းများအား ကွင်းဆင်းစစ်ဆေး တင်ပြစေရေး ထပ်ဆင့်တာဝန်ပေးအပ်ဆောင်ရွက်ရန်၊

(ဃ) တန်ဖိုးတွက်ချက်ရမည့် နိုင်ငံပိုင်ပစ္စည်း Property များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တင်ပြသည့် စာရင်းရှိ အချက်အလက်များနှင့် လက်တွေ့ကွင်းဆင်းတွေ့ရှိချက်များ ကွဲလွဲမှုရှိပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ အဆုံးအဖြတ်ရယူ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်သို့ ပြန်လည် တင်ပြရန်၊

(င) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ပုဂ္ဂလိကပိုင်ပြုလုပ်ရေး တင်ပြရာတွင် သက်ဆိုင်ရာ ဝန်ကြီးဌာန/လုပ်ငန်း/ဌာနမှ အမည်ပေါက်မြေဂရန် ပိုင်ဆိုင်ရရှိပြီးဖြစ်သည့် အထောက်အထားပြည့်စုံစွာ တင်ပြမှုရှိမှသာ တန်ဖိုးတွက်ချက်ရန်၊

(စ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် အခန်း/အဆောက်အဦအား သက်ဆိုင်ရာဝန်ကြီးဌာန၊ လုပ်ငန်း/ ဌာနမှ ပိုင်ဆိုင်မှုရှိမှသာ တန်ဖိုးတွက်ချက်ရန်၊

(ဆ) တန်ဖိုးတွက်ချက်ရာတွင် ရှင်းလင်းမှု၊ ထင်သာမြင်သာမှုရှိစေရန်အတွက် လုပ်ငန်းဆက်စပ်သည့် ဝန်ကြီးဌာနများ၊ နိုင်ငံပိုင်ပစ္စည်း Property အပ်နှံသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဇ) တန်ဖိုးတွက်ချက်ရမည့် လုပ်ငန်းရှိ အခန်း/ အဆောက်အဦနှင့် မြေပေါ်တွင်လက်ရှိနေထိုင်သူများ၊ ကျူးကျော်နေထိုင်သူများ ရှိ-မရှိ စိစစ်ပြီး၊ ရှင်းလင်းမှုရှိမှသာ တန်ဖိုးတွက်ချက်ရန်၊

(ဈ) တန်ဖိုးတွက်ချက်ရမည့် မြေပေါ်တွင် သက်ဆိုင်ရာဝန်ကြီးဌာနမှ ပိုင်ဆိုင်ခြင်းမရှိသည့် ဆိုင်ခန်း အဆောက်အဦများ ပါရှိပါက ၎င်းဆိုင်ခန်းအဆောက်အဦများအား စာရင်းရှင်းလင်း ဖျက်သိမ်းပြီးမှသာ တန်ဖိုးတွက်ချက်ရန်၊

(ည) နိုင်ငံပိုင်ပစ္စည်း Property များ၏ တန်ဖိုးကိုတွက်ချက်ရာတွင် လက်ရှိအခြေအနေနှင့်ကိုက်ညီသော ကာလပေါက်ဈေး၊ ဒေသန္တရပေါက်ဈေးတို့အရ တန်ဖိုးကိုသတ်မှတ်နိုင်ရန် ကျွမ်းကျင်သည့်အဖွဲ့ အစည်း/ပုဂ္ဂိုလ်တို့ဖြင့် ညှိနှိုင်းလျက် ပုဂ္ဂလိကအတွက် သင့်လျော်စေသည်သာမက နိုင်ငံတော် အတွက်လည်း ဆုံးရှုံးနစ်နာမှုမရှိစေသည့် တန်ဖိုးကို တွက်ချက်သတ်မှတ်ရန်၊

(ဋ) ငှားရမ်းဆောင်ရွက်ရမည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအား မူဝါဒတစ်ရပ်ချမှတ်၍ နိုင်ငံတော်နှင့် ပြည်သူအတွက် နှစ်ဦးနှစ်ဖက် သင့်လျော်သော ဈေးနှုန်းကို တွက်ချက်တင်ပြရန်၊

(ဌ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ ပိုင်ဆိုင်မှုများအားတည်နေရာပြပုံ၊ မြေကွက်အတွင်း အဆောက်အအုံများအကွက်ချပုံစံ၊ Floor Plan နှင့် ဓာတ်ပုံမှတ်တမ်းများဖြင့် တင်ပြရန် (မြေ၊ အခန်း၊ အဆောက်အဦတို့အား ရှေ့ဘက်/နောက်ဘက်/ဘေးနှစ်ဖက် အနေအထား များကိုပါ တင်ပြရန် ဖြစ်ပါသည်။)

(ဍ) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ တန်ဖိုးတွက်ချက်ရန် တာဝန်ပေးအပ်သည့်လုပ်ငန်းများ၏ တန်ဖိုးတွက်ချက်သတ်မှတ်မှုကို တင်ပြရာတွင် အောက်ပါတို့ကို တစ်ပါတည်းပူးတွဲတင်ပြရန် -

(၁) နိုင်ငံပိုင်ပစ္စည်း Property များ၏ တန်ဖိုးအသေးစိတ်တွက်ချက်မှု၊

(၂) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းများ၏ ပိုင်ဆိုင်မှု ဓာတ်ပုံမှတ်တမ်းများ (မြေ၊ အခန်း၊ အဆောက်အဦတို့အား ရှေ့ဘက်/ နောက်ဘက်/ ဘေးနှစ်ဖက် အနေအထားများကိုပါ တင်ပြရန် ဖြစ်ပါသည်။)

(၃) တန်ဖိုးတွက်ကိစ္စရပ်တစ်ခုချင်းအလိုက် ဆောင်ရွက်မှုအစီရင်ခံစာ။

(ဎ) တန်ဖိုးတွက်ချက် သတ်မှတ်ရာတွင် ရှင်းလင်းလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် မူဝါဒတစ်ရပ်ချမှတ် ပေးရန် လိုအပ်ပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ ဆောလျင်စွာ တင်ပြလမ်းညွှန်မှု ခံယူရန်၊

(ဏ) နိုင်ငံပိုင်ပစ္စည်း Property များ၏ တန်ဖိုးသတ်မှတ်တွက်ချက်ရာတွင် ဆောင်ရွက်သည့် ယေဘုယျ နည်းလမ်းများကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်သို့ တင်ပြ၍ အတည်ပြုချက်ရယူရန်။

၃။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌသည် အခါအားလျော်စွာ အစည်းအဝေးများခေါ်ယူ ကျင်းပနိုင်သည်။

၄။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီသည် တန်ဖိုးတွက်ချက်သတ်မှတ်ရေးအဖွဲ့ခွဲများဖွဲ့စည်း၍ ၎င်းအဖွဲ့ခွဲများအား သက်ဆိုင်ရာလုပ်ငန်း တည်ရှိရာဒေသသို့ ကွင်းဆင်း၍ တန်ဖိုးတွက်ချက်စေရမည်။

၅။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီသည် မိမိ၏ တာဝန်များကို ဆောင်ရွက်ရာတွင်လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများအား ခေါ်ယူညှိနှိုင်းခွင့်ရှိသည်။ သက်ဆိုင်ရာ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခွင့်ရှိသည်။

၆။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီနှင့်စပ်လျဉ်းသော ကုန်ကျစရိတ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်ရုံး၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၏ ငွေစာရင်းခေါင်းစဉ်မှ ကျခံရမည်။

၇။ တန်ဖိုးတွက်ချက်သတ်မှတ်ရေးကော်မတီနှင့် သက်ဆိုင်သော ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၈။ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ ၁၇-၄-၁၉၉၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၉၈) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ဒေါက်တာကံဇော်)
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၄**

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် )

**မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ စီးပွားရေးပြောင်းလဲတိုးတက်ရန်အတွက် ဈေးကွက်စီးပွားရေး စနစ်နှင့်အညီ နိုင်ငံပိုင်အချိုးအစားကို လျှော့ချ၍ ပုဂ္ဂလိကပိုင်အချိုးအစားကို ပြောင်းလဲတိုးတက်လုပ်ဆောင် နိုင်ရန်နှင့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး လုပ်ငန်းစဉ်များအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၉-၆-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၄/၂၀၁၂ အပိုဒ်၂ (ဈ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် “မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ” ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဌာနမှူး<br>မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (င) | ဌာနမှူး<br>မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဈ) ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကိုယ်စားလှယ်များ

(၁) ပြည်နယ်ဦးစီးမှူး — အဖွဲ့ဝင်
ကချင်ပြည်နယ်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ကချင်ပြည်နယ်အစိုးရအဖွဲ့

(၂) အင်ဂျင်နီယာမှူးကြီး — အဖွဲ့ဝင်
ကယားပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ကယားပြည်နယ်အစိုးရအဖွဲ့

(၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
ကရင်ပြည်နယ်အစိုးရအဖွဲ့

(၄) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး
ချင်းပြည်နယ်အစိုးရအဖွဲ့

(၅) အင်ဂျင်နီယာမှူးကြီး — အဖွဲ့ဝင်
မွန်ပြည်နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မွန်ပြည်နယ်အစိုးရအဖွဲ့

(၆) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး
ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(၇) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၈) တိုင်းဒေသကြီးမြေစာရင်းဦးစီးမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(၉) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၀) ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၁) အင်ဂျင်နီယာမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၂) ဒုတိယညွှန်ကြားရေးမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၄) တိုင်းဦးစီးမှူး — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ည) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ စိစစ်တင်ပြရန် တာဝန်ပေးအပ်သည့် လုပ်ငန်းများ၏ မြေ၊ အခန်း၊ အဆောက်အဦများကို သက်ဆိုင်ရာဝန်ကြီးဌာန/လုပ်ငန်း/ဌာနများနှင့် ပူးပေါင်း တိုင်းတာစိစစ်၍ တင်ပြရန်၊

(ခ) လုပ်ငန်းများတည်ရှိရာဒေသများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး မြေ၊ အခန်း၊ အဆောက်အဦ တို့အား လက်တွေ့တိုင်းတာစိစစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ တင်ပြသည့်စာရင်းရှိ မြေဧရိယာ၊ အကျယ်အဝန်း အတိုင်းအတာများ၊ လက်တွေ့ကွင်းဆင်းတိုင်းတာရရှိသည့် အကျယ်အဝန်း အတိုင်းအတာများနှင့် သက်ဆိုင်ရာမြေပုံနှင့် မြေယာမှတ်တမ်းများ ထိန်းသိမ်းသည့်ဌာနရှိ မြေပုံ၊ မြေရာဇဝင်မှတ်တမ်းတို့အရ အကျယ်အဝန်း အတိုင်းအတာများ ကွဲလွဲမှု ရှိ/မရှိ စိစစ်တင်ပြရန်၊

(ဂ) မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန/လုပ်ငန်း/ ဌာနများမှ အမည်ပေါက် မြေဂရန်ရရှိခြင်း ရှိ-မရှိ နှင့် ပိုင်ဆိုင်မှု အရှုပ်အရှင်း ရှိ-မရှိ၊ သက်ဆိုင်ရာ မြေပုံနှင့်မြေယာ မှတ်တမ်းများ ထိန်းသိမ်းသည့်ဌာနနှင့် ညှိနှိုင်းစိစစ်တင်ပြရန်၊

(ဃ) အခန်း၊ အဆောက်အဦ ပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန/လုပ်ငန်း/ ဌာနများမှ ပိုင်ဆိုင်မှု ရှိ/မရှိ၊ ကုမ္ပဏီ၊ ကန်ထရိုက်တာများနှင့် Build Operate and Transfer (BOT) သို့မဟုတ် Build and Transfer (B&T) စနစ်ဖြင့် ဆောင်ရွက်ထားမှု အခြေအနေ ရှိ/မရှိ စိစစ် တင်ပြရန်၊

(င) လွှဲပြောင်းရောင်းချရန်တန်ဖိုးတွက်ချက်ရမည့် မြေဧရိယာသည် ရောင်းချပြီးနောက် ပုဂ္ဂလိကသို့ အမည်ပေါက်မြေဂရန် ထုတ်ပေးရမည့် မြေဧရိယာနှင့် ကွဲလွဲမှုမရှိစေရန်နှင့် လွှဲပြောင်းရောင်းချမည့် မြေသည် လွှဲပြောင်းခွင့်ရှိသောမြေ ဟုတ်-မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းစိစစ် ဆောင်ရွက်ရန်၊

(စ) လွှဲပြောင်းရောင်းချရန် တန်ဖိုးတွက်ချက်ရမည့် မြေဧရိယာ မှန်ကန်မှုရှိစေရေးအတွက် မြေပြင် ကွင်းဆင်းတိုင်းတာသည့် ဧရိယာအတိုင်း သက်ဆိုင်ရာ ဝန်ကြီးဌာန/လုပ်ငန်း/ဌာန၏ အမည်ပေါက် သက်သေခံ မိတ္တူမြေပုံကို လျှောက်ထားရယူ ပူးတွဲတင်ပြရန်၊

(ဆ) လွှဲပြောင်းရောင်းချရန် တန်ဖိုးတွက်ချက်ရမည့် အခန်း၊ အဆောက်အဦတို့၏ အကျယ်အဝန်း၊ အတိုင်းအတာများသည် ရောင်းချပြီးနောက် ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရမည့် အကျယ်အဝန်း၊ အတိုင်းအတာများနှင့် ကွဲလွဲမှုမရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဇ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့်လုပ်ငန်းရှိ မြေ၊ အခန်း၊ အဆောက်အဦတို့တွင် ဆိုင်ခန်းအဆောက်အဦ များ၊ လက်ရှိနေထိုင်သူများနှင့် ကျူးကျော်နေထိုင်သူများ ရှိ-မရှိ စိစစ်တင်ပြရန်၊

(ဈ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာ မြေနှင့် ချန်လှပ်ထားသည့် ဝန်ထမ်းအိမ်ရာမြေများ ရှင်းလင်းမှုမရှိဘဲ ဆက်စပ်ရောထွေးမှု ရှိ-မရှိ စစ်ဆေးတင်ပြရန်၊

(ည) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာမြေနေရာတွင် လက်ရှိလုပ်ငန်းကို ဆက်လက် ဆောင်ရွက်စေရန် သင့်-မသင့်၊ ပတ်ဝန်းကျင် ထိခိုက်ညစ်ညမ်းနိုင်မှုအခြေအနေ သုံးသပ်တင်ပြရန်၊

(ဋ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာ မြေနေရာတွင် လက်ရှိလုပ်ငန်းအစား အခြားပိုမို သင့်လျော်ကောင်းမွန်သော လုပ်ငန်းကို ဆောင်ရွက်စေရန် သင့်-မသင့် စိစစ်တင်ပြရန်၊

(ဌ) ပုဂ္ဂလိကပိုင်ပြုလုပ်မည့် လုပ်ငန်းတည်ရှိရာ မြေဧရိယာအတွင်း လုပ်ငန်းနှင့်မသက်ဆိုင်သည့် မြေလွတ်၊ မြေကျန်၊ မြေပိုများရှိပါက ယင်းတို့ကို ပိုင်းခြားချန်လှပ်၍ လုပ်ငန်းနှင့်သက်ဆိုင်သည့် မြေကိုသာ ပုဂ္ဂလိကပိုင်ပြုလုပ်ရန် သင့်-မသင့် သုံးသပ်တင်ပြရန်၊

(ဍ) ဤကော်မတီသည် မြေနှင့် အဆောက်အဦ တိုင်းတာစစ်ဆေးရေးနှင့် ပတ်သက်၍ လိုအပ်သည့် အမိန့်/ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၃။ မြေ၊ အဆောက်အဦအတိုင်းအတာ စိစစ်ရေးကော်မတီဥက္ကဋ္ဌသည် အခါအားလျော်စွာ အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၄။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီသည် မြေ၊ အဆောက်အဦအတိုင်းအတာ စိစစ်ရေးအဖွဲ့ခွဲများ ဖွဲ့စည်း၍ ဆောင်ရွက်ရမည်။

၅။ မြေ၊ အဆောက်အဦ အတိုင်းအတာစိစစ်ရေးကော်မတီသည် မိမိ၏တာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများအား ခေါ်ယူညှိနှိုင်းခွင့်ရှိသည်။ သက်ဆိုင်ရာ စာရွက်စာတမ်းများကို တောင်းယူကြည့်ရှုခွင့်ရှိသည်။

၆။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီနှင့် စပ်လျဉ်းသော ကုန်ကျစရိတ်များကို ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး၊ စီမံကိန်းစိစစ်ရေးနှင့်တိုးတက်မှုအစီရင်ခံရေး ဦးစီးဌာန၏ ငွေစာရင်း ခေါင်းစဉ်မှ ကျခံရမည်။

၇။ မြေ၊ အဆောက်အဦ အတိုင်းအတာ စိစစ်ရေးကော်မတီနှင့် သက်ဆိုင်သော ရုံးလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၈။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၇-၇-၁၉၉၅ ရက်စွဲပါ စာအမှတ်၊ အမစ-၁/၃/၃၀ (၁၅၂၆/၉၅) ကို ဤစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

(ဒေါက်တာကံဇော်)
အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

**[ ယခင်အပတ် ရခိုင်ပြည်နယ်လွှတ်တော် ရခိုင်ပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေ (၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥပဒေအမှတ် - ၁ ။ ) မှအဆက် ]**

၈။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေအရ ထုတ်ပြန်သည့် အမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ခ) ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်မှု စာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီထားရှိရမည်၊

(ဂ) ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေအရ စစ်ဆေးရေးအဖွဲ့က တောင်းခံသော စာရင်းဇယားများကို တင်ပြရမည်၊

(ဃ) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်၊

(င) ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းကဆောင်ရွက်သည့် သုတေသနလုပ်ငန်းများကို အခမဲ့ဆောင်ရွက်ပေးရမည်။

၉။ လိုင်စင်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဆားနှင့်ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းဥပဒေအရ ဆောင်ရွက်သည့် နည်းလမ်းနှင့် နည်းပညာရပ်များ ရယူခြင်း၊

(ခ) ထုတ်လုပ်သောဆားနှင့် ဆားထွက်ပစ္စည်းများကို ပြည်တွင်း၌ လွတ်လပ်စွာ ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဂ) ထုတ်လုပ်သော ဆားနှင့် ဆားထွက်ပစ္စည်းများကို ပြည်ပသို့ သတ်မှတ်ချက်နှင့်အညီ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဃ) ပြည်ပသို့ရောင်းချရာမှရရှိသော နိုင်ငံခြားငွေဖြင့် ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများကို သတ်မှတ်ချက်နှင့်အညီ ဝယ်ယူတင်သွင်းခွင့်ရှိခြင်း၊

(င) ဆားနှင့်ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုပါက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ လျှောက်ထားဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊

(စ) နှစ်ရှည်လိုင်စင်လျှောက်ထားခွင့်ရှိခြင်း၊

(ဆ) ဆားနှင့်ဆားထွက်ပစ္စည်းများထုတ်လုပ်သော နယ်မြေဒေသနှင့်နယ်နိမိတ်ပြမြေပုံ ပုံစံ (၃၀) ခကို ထုတ်လုပ်သူ တစ်ဦးချင်းကဖြစ်စေ၊ အသင်းအဖွဲ့အစည်းဌာနကဖြစ်စေ တရားဝင်အမည်ပေါက်ရရှိနိုင်ခွင့်ရှိခြင်း၊

(ဇ) ဤဥပဒေအရ ထုတ်ပေးထားသောလိုင်စင်ကို ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလုပ်ကိုင်ခွင့် မရှိခြင်း။

## အခန်း (၅)
## ဝန်ကြီး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) လိုင်စင်အသစ်လဲလှယ်ခြင်း၊

(ဂ) ဆားထုတ်လုပ်သည့် နည်းလမ်းများနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်သည့် နည်းပညာများကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးခြင်း၊

(ဃ) ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်မှုတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှု ဖူလုံရေးနှင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုင်စင်ရရှိသူများအား ပံ့ပိုးကူညီခြင်း၊

(င) ဆားနှင့်ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်အောင်ကူညီခြင်း၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ခံရသော ဒေသများတွင် ဆားနှင့်ဆားထွက်ပစ္စည်း ထုတ်လုပ်သည့် လိုင်စင်ကြေးကို လျှော့ပေါ့ ကောက်ခံစေခြင်း၊ လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုခြင်း၊

(စ) ဆားနှင့်ဆားထွက်ပစ္စည်းများကို စားသုံးရန်သင့် မသင့် စစ်ဆေးစေခြင်း။

၁၁။ ဝန်ကြီး၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်ကြေး သတ်မှတ်ခြင်း၊

(ခ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုင်စင်သက်တမ်းသတ်မှတ်ပေးခြင်း၊ လျှော့ပေါ့ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဂ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆားနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်သည့် ဆားနယ်မြေများ တိုးချဲ့သတ်မှတ်နိုင်ရန်နှင့် သတ်မှတ်ချက်နှင့် ညီညွတ်သည့် ဆားနယ်မြေများအား ပုံစံ (၃၀) ခ ထုတ်ပေးနိုင်ရန် စီမံဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စစ်ဆေးရေးအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ရာတွင် ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းမှ ဝန်ထမ်းများ၊ အခြားသင့်လျော်သည့် ဌာနများမှ ဝန်ထမ်းများနှင့် ပြင်ပကျွမ်းကျင်သူများကို စစ်ဆေးရေးအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ပြည်နယ်အစိုးရအဖွဲ့သို့ ဆားနှင့် ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးကိုရှေးရှု၍ နှစ်ရှည်လိုင်စင်ထုတ်ပေးနိုင်ရေးအတွက် ထောက်ခံတင်ပြခြင်း၊

(စ) စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဆ) သုတေသနပြုလုပ်ရာမှ ရရှိသော ဆားပိုမိုထုတ်လုပ်နိုင်သည့် နည်းလမ်းနှင့်နည်းပညာရပ်များကို ဖြန့်ဖြူးပညာပေးရန် စီမံဆောင်ရွက်ခြင်း။

၁၂။ ဝန်ကြီးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အခါအားလျော်စွာ ပြည်နယ်မန်နေဂျာအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၁၃။ စစ်ဆေးရေးအဖွဲ့သည် -

(က) ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးခွင့်ရှိသည်၊

(ခ) လိုင်စင်ရရှိသူထံမှ ထုတ်လုပ်မှုနှင့် သက်ဆိုင်သော စာရင်းဇယားများကို တောင်းယူကြည့်ရှုစစ်ဆေးခွင့်ရှိသည်၊

(ဂ) ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်မှုများမှ နမူနာများ ရယူခြင်းနှင့်လိုအပ်ပါက ခတ်ခွဲစစ်ဆေးခြင်း ပြုလုပ်နိုင်သည်၊

(ဃ) ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်ရာတွင် လိုင်စင်မရှိဘဲဖြစ်စေ၊ လိုင်စင်ကိုအခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း၍ဖြစ်စေ ထုတ်လုပ်သည်ကိုစစ်ဆေးတွေ့ရှိလျှင် သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သိမ်းဆည်းနိုင်ရန် ပြည်နယ်မန်နေဂျာထံ တင်ပြရမည်၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်နိုင်ရန် ပြည်နယ်မန်နေဂျာထံ တင်ပြရမည်၊

(စ) စစ်ဆေးရေးတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံ ရယူနိုင်သည်။

၁၄။ ဆားနှင့် ဆားထွက်ပစ္စည်းကို လိုင်စင်မရှိဘဲ စီးပွားဖြစ် ထုတ်လုပ်ပါက -

(က) ပထမအကြိမ်ကျူးလွန်လျှင် အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းအထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်လျှင် အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၅။ လိုင်စင်ရရှိသူသည် ထင်း သို့မဟုတ် မီးသွေးဖြင့်ဆားထုတ်လုပ်ခြင်း၊ လိုင်စင်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ လိုင်စင်ကိုအခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းက ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းများ ရှိပါက -

(က) ပထမအကြိမ်ကျူးလွန်လျှင် အနည်းဆုံးကျပ် သုံးသောင်းမှ အများဆုံးကျပ် ငါးသောင်းအထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်လျှင် အနည်းဆုံးကျပ် ငါးသောင်းမှ အများဆုံးကျပ် တစ်သိန်းအထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၁၆။ ပုဒ်မ ၁၄၊ ပုဒ်မ၁၅ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေများကို ပြည်နယ်မန်နေဂျာကချမှတ်ရမည်။ ဒဏ်ကြေးငွေများကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်။

၁၇။ ပြည်နယ်မန်နေဂျာသည် ပုဒ်မ ၁၄ အရ အမိန့်ချမှတ်ရာတွင် တင်ပြထားသော သက်သေခံပစ္စည်း များကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

၁၈။ ပြည်နယ်မန်နေဂျာက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့တွင်ပင် သက်ဆိုင်သူအား အခမဲ့ ထုတ်ပေးရမည်။

## အခန်း (၇)
## အယူခံခြင်း

၁၉။ ပြည်နယ်မန်နေဂျာက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံအယူခံဝင်နိုင်သည်။

၂၀။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်မန်နေဂျာကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း၊

(င) ပြန်လည်စစ်ဆေးစေခြင်း။

၂၁။ ဝန်ကြီး၏အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၈)
## တားမြစ်ချက်များ

၂၂။ ဤဥပဒေအရ မည်သူမျှ လိုင်စင်မရှိဘဲ ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၂၃။ ဤဥပဒေအရ မည်သူမျှ ဆားနှင့်ဆားထွက် ပစ္စည်းလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိပြီးနောက် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်များကိုဖြစ်စေ ဖောက်ဖျက်ခြင်း မပြုရ။

၂၄။ ဤဥပဒေအရ မည်သူမျှ ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းကို လုပ်ကိုင်ရာတွင် အောက်ပါတို့ကို မပြုရ -

(က) ထင်း သို့မဟုတ် မီးသွေးဖြင့် ထုတ်လုပ်ခြင်း၊

(ခ) အဆိပ်အတောက်ဖြစ်စေသည့် ဓာတုပစ္စည်းပါဝင်ခြင်း၊

(ဂ) အများပြည်သူစားသုံးရန်အတွက် ထုတ်လုပ်သောဆားတွင် အိုင်အိုဒင်းထည့်သွင်းမှု မရှိခြင်း။

၂၅။ ပြည်နယ်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်ထားသည့် ဆားထုတ်လုပ်ခွင့် နယ်မြေမှအပ အခြားနယ်မြေတွင် ဆားထုတ်လုပ်ခြင်းမပြုရ။

၂၆။ ဤဥပဒေအရ ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် မည်သူမျှ အောက်ပါ တစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲထိမ်ချန်ထားခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အားပေးကူညီခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့်ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ စွန့်ပစ်ခြင်း၊ အလွဲသုံးစားပြုခြင်း။

၂၇။ ဤဥပဒေအရ မည်သူမျှ ဆားနှင့်ဆားထွက်ပစ္စည်းများကို သတ်မှတ်ချက်နှင့်အညီ ပြည်နယ်အစိုးရ အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ ပြည်တွင်းသို့ တင်သွင်းရောင်းချခြင်း မပြုရ။

၂၈။ ဤဥပဒေအရ မည်သူမျှတာဝန်ဝတ္တရားဆောင်ရွက်နေသော စစ်ဆေးရေးအဖွဲ့ဝင်၊ ဆားနှင့်ဆားထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဝန်ထမ်းနှင့် စစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးအား နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း၊ အနိုင်အထက်ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ ဆဲဆိုခြင်း မပြုရ။

၂၉။ ဤဥပဒေအရ မည်သူမျှ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း မရှိစေရ။

## အခန်း (၉)
## ပြစ်ဒဏ်များ

၃၀။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၁။ မည်သူမဆို ပုဒ်မ၂၃ နှင့် ပုဒ်မ၂၉ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၂။ မည်သူမဆို ပုဒ်မ ၂၄ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်နှစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၃၄။ မည်သူမဆို ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

## အခန်း (၁၀)

## အထွေထွေ

၃၅။ ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မန်နေဂျာသည် ဆားနှင့်ဆားထွက်ပစ္စည်းများထုတ်လုပ်သော နယ်မြေဒေသနှင့် နယ်နိမိတ်ပြမြေပုံများကို နှစ်စဉ် ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြုစုရေးဆွဲထားရမည်။

၃၆။ ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း မန်နေဂျာသည် ဤဥပဒေအရ ရရန်ရှိသော လိုင်စင်ခ၊ ရက်လွန်ကြေး၊ ဒဏ်ကြေးငွေနှင့် အခြားအခွန်အခများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ ကောက်ခံရမည်။

၃၇။ ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော်လည်း ခွင့်ပြုချက်တစ်စုံတစ်ရာ ရယူမှုမရှိဘဲဆားထုတ်လုပ်မှု မပြုလုပ်သည့် ဆားနယ်မြေများကို စစ်ဆေးရေးအဖွဲ့များမှ စစ်ဆေးပြီး ပြည်နယ်အစိုးရအဖွဲ့မှ အရေးယူစီမံခန့်ခွဲရမည်။

၃၈။ ပြည်နယ်အစိုးရအဖွဲ့သည် ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အချင်းချင်းဖြစ်စေ၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အစုစပ်လုပ်ငန်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန်ကူညီပေးရမည်။

၃၉။ ဝန်ကြီးသည် ပြည်နယ်အကျိုးငှာဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်း ရေရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အရည်အသွေးမြင့်မားရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကောက်ခံခြင်း၊ သုံးစွဲခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရမည်။

၄၀။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်းလုပ်ငန်းကို မိသားစုစားသုံးရန်အတွက် နည်းဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ခွင့်ပြုနိုင်သည်။

၄၁။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် တာဝန်ထမ်းဆောင်သူ တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၄၂။ ဤဥပဒေအရ ပြစ်မှုကြောင်းဖြင့် တရားစွဲဆို အရေးယူရမည့်ကိစ္စကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၄၃။ ဝန်ကြီးသည် ပြည်နယ်အတွင်းရှိ ဝန်ကြီးဌာနတစ်ခုခု သို့မဟုတ် အသင်း၊ အဖွဲ့အစည်းတစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် သို့မဟုတ် လိုင်စင်ကြေး သက်သာခွင့် ပြုနိုင်သည်။

၄၄။ ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ယခင်ပြဋ္ဌာန်းခဲ့သည့် နည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်ဆားနှင့် ဆားထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမန်နေဂျာသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမောင်တင်၊
ပြည်နယ်ဝန်ကြီးချုပ်၊
ရခိုင်ပြည်နယ်အစိုးရအဖွဲ့။

# ၂၀၁၄-၂၀၁၅ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေ
## ( ၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁ ။ )

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့်အဓိပ္ပာယ်ဖော်ပြချက်

**ပုဒ်မ-၁** ဤဥပဒေကို ၂၀၁၄-၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

**ပုဒ်မ-၂** ဤဥပဒေကို ရှမ်းပြည်နယ် ပဥ္စမကာလတိုငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ စတင်သော ဒေသန္တရစီမံကိန်းဥပဒေအပေါ် အခြေပြု၍ ပြဋ္ဌာန်းခြင်းဖြစ်သည်။

**ပုဒ်မ-၃** ဤဥပဒေသည် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

**ပုဒ်မ-၄** ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်** ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **လုပ်ငန်းစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချက်အလက်များကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုအမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ) ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

**ပုဒ်မ-၅** ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုး ရရှိအောင် ဆောင်ရွက်ပေးပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) ပြည်နယ်အတွင်းကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး၊

(၅) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာ ကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

## အခန်း (၃)
## စီမံကိန်းလျာထားချက်

**ပုဒ်မ-၆** ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ် ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ကျပ်သန်းပေါင်း (၃၆၉၉၇၉၉. ၁) (ကျပ်ဘီလီယံ ၃၆၉၉. ၈) ရရှိအောင် ဆောင်ရွက် ရမည်။

(၂) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၅. ၀) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် (၁. ၁) ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၃) ရှမ်းပြည်နယ်၏ စီးပွားရေး ဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၃၆. ၄) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၂၅. ၁) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို (၃၈. ၅) ရာခိုင်နှုန်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရမည်။

(၄) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၅. ၆) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၀. ၆) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၁. ၀) ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

**ပုဒ်မ-၇** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံ မျိုးကောင်းမျိုးသန့်မျိုးစေ့များထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်။

(ခ) ရည်မှန်းချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍတွင် ၂၀၁၄-၂၀၁၅ ခုနှစ် စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၈၁၈၆၆. ၂) (ကျပ်ဘီလီယံ ၁၀၈၁. ၉) နှင့် တိုးတက်မှုနှုန်း (၀. ၄) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်၊

(၂) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေးဆောင်ရွက်ရန်၊

(၃) စပ်မျိုးစပါး စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်သွားရန်၊

(၄) ကျန်အဓိက စိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုး သွားရန်၊

(၅) စံပြစက်မှုလယ်ကွက် (Mechanized Farm) များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၆) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာအောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့် မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြု နိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး၊ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်မည်။

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်။ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်စပါး အထူးပြု ကုမ္ပဏီများကို လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်မည်။

(၃) မြေအောက်ရေ ရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုဧကများ ပိုမိုလာစေရေးဆောင်ရွက်မည်။

(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း ရေသွင်းစိုက်ပျိုးမည့် ဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်။

(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးမည်။

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်မည်။

**ပုဒ်မ-၈** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း သားငါးထုတ်လုပ်မှုဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးမှုအထောက်အကူပြု မွေးမြူရေးတိုးတက်စေရန် ဆောင်ရွက်ရန်၊

(၂) သဘာဝ မြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတများ မပြုန်းတီးစေဘဲ ငါးပုစွန် တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးအတွက် ပြည်ပသို့ ပိုမို တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရန်၊

(၃) သားငါးကဏ္ဍ ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေဘဲ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန် ဆောင်ရွက်စေရေးနှင့် ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားစေရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၅၃၀၄၃.၀) (ကျပ်ဘီလီယံ ၂၅၃.၀) နှင့် တိုးတက်မှုနှုန်း (၁၀.၃) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ်မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်း ပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေးချေးငွေရရှိနိုင်ရေးတို့ အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေး ပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်း အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေး ဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက် ပစ္စည်းများကို ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေး အတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

**ပုဒ်မ-၉** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝ တောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကိုအထောက်အကူပြုစေရေး၊ ကျေးလက်နေပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲနိုင်ရန်၊

(၃) သစ်တော သယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့် နည်းပါးပြီး သစ်အခြေခံစက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်း ပေါ်ပေါက်လာစေရန်၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၄၁၄. ၈) (ကျပ်ဘီလီယံ ၁၀. ၄) နှင့် ၂၀၁၃-၂၀၁၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအရ (၅၃. ၇) ရာခိုင်နှုန်း လျော့နည်းအကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများရရှိရေး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်။

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်း သတ်မှတ်သွားမည်ဖြစ်သည်။

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်။

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ပါသည်။

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစားအခြားလောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများ တိုးမြှင့်သုံးစွဲလာရေးကို စည်းရုံးဆောင်ရွက်သွားရန်ဖြစ်သည်။

**ပုဒ်မ-၁၀** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထားခြင်းမရှိပါ။

**ပုဒ်မ-၁၁** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရန်၊

(၂) ဓာတ်သတ္တုထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့် ပတ်ဝန်းကျင် ထိခိုက်ယိုယွင်းပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်း ရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၁၀၉၅. ၇) (ကျပ်ဘီလီယံ ၁၀၁. ၁) နှင့် တိုးတက်မှုနှုန်း (၇. ၁) ရာခိုင်နှုန်းရရှိရန် ရည်မှန်းထားပါသည်။

(၂) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်မည်။

(၃) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် သတ္တုကဏ္ဍတွင် နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံနှင့် သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ပါမည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပါမည်။

(၃) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိက လုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ပါမည်။

**ပုဒ်မ-၁၂** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့် စပ်လျဉ်း၍-

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သော စက်မှုလုပ်ငန်း (Green Industry) များ ပိုမိုတိုးတက်လာရေးဆောင်ရွက်ရန်နှင့် စွမ်းအင်ကိုအကျိုးရှိစွာအသုံးပြုခြင်း (Energy Efficiency) များအကျိုးရှိထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေးဆောင်ရွက်ရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရန်၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရန်၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၄၉၁၉၁၇. ၂) (ကျပ်ဘီလီယံ ၄၉၁. ၉) နှင့် တိုးတက်မှုနှုန်း (၄. ၅) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) နိုင်ငံသားများအလုပ်အကိုင် အခွင့်အလမ်းများပေါ်ထွန်း လုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော်ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသအတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း တိုးတက်လာရေးအတွက် စံချိန်စံညွှန်း ပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိက စက်မှု လုပ်ငန်းရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ ထူထောင်ရန် ဆောင်ရွက်ရမည်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ် စစ်ဆေးသွားရမည်။

**ပုဒ်မ-၁၃** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဥ္စမကာလတိုင်ငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်တွင် သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ် အတွင်းသို့ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရန်၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်၊

(၃) ပင်မဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၅၉၆၉. ၂) (ကျပ်ဘီလီယံ ၆၆. ၀) နှင့် တိုးတက်မှုနှုန်း (၈. ၀) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်အတွင်း အရည်အသွေးကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူသုံးစွဲခြင်းတို့ဖြင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုမရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်။

(၂) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက် သင့်လျော်သလို ဆောင်ရွက်သွားရမည် -

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

(ဂ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုခြင်း၊

(ဃ) လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

(င) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(စ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း စသည့် နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

**ပုဒ်မ-၁၄** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေးအတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့် မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေးအတွက် အဓိကထား ဆောင်ရွက်ရန်၊

(၂) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရန်၊

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၇၀၀၁၂.၂) (ကျပ်ဘီလီယံ ၂၇၆.၇) နှင့် တိုးတက်မှုနှုန်း (၁.၂) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်းဌာနအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် လမ်း/တံတားစီမံကိန်းလုပ်ငန်းများ ပြည့်မီစွာဆောင်ရွက်မည်။

(၃) မြို့ပြနှင့် ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှု အဆင့်အတန်း မြင့်မားစေရေး ဆောင်ရွက်မည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

(၂) မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများကို ဆက်လက်ပေးသွားရန်ဖြစ်သည်။

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး၊

**ပုဒ်မ-၁၅** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးတို့ကို အထောက်အကူပြုသော လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးနှင့် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်း လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၂) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေး မြှင့်တင်လျက် ပို့ဆောင်ရေးစွမ်းရည် မြှင့်တင်ပေးရန်၊

(၃) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်အတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်၊

( ခ ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၇၆၆၆၄.၆) (ကျပ်ဘီလီယံ ၂၇၆.၇) နှင့် တိုးတက်မှုနှုန်း (၄.၄) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) နှစ်စဉ်အသားတင်ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

( ဂ ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မူဆယ်ခရိုင်ရုံးတွင် Mobile Test Line များ တပ်ဆင်ခြင်းဆောင်ရွက်မည်။

(၂) ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် မြစ်ရေလမ်းကြောင်း ပိတ်ဆို့နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်။

(၃) ပြည်နယ်အတွင်း ပြည်သူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို အပြည့်အဝ လိုက်နာစေရန် စီမံဆောင်ရွက်မည်။

**ပုဒ်မ-၁၆** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက်ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရန်၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြုဆောင်ရွက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရန်၊

(၃) ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး IT (Information Technology) ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အကျိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက်ဖန်တီးပေးရန်၊

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်း ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၇၃၂၃၈. ၃) (ကျပ်ဘီလီယံ ၁၇၃. ၂) နှင့် တိုးတက်မှုနှုန်း (၈၉. ၂) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင်ဆောင်ရွက်ရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြည်နယ်တွင် နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်။

(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်တွင်း/ပြည်ပတယ်လီဖုန်း ခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်မည်။

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်၊ အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်။

(၄) သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ် (Back-up System) အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ (e-Telegram) ကြေးနန်းများကို တိုးချဲ့ခြင်းကို ဆောင်ရွက်မည်။

(၅) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရန် အစီအစဉ်ရေးဆွဲဆောင်ရွက်မည်။

**ပုဒ်မ-၁၇** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်နှင့်နိုင်ငံတကာရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၄၁၉၀. ၆) (ကျပ်ဘီလီယံ ၄. ၂) နှင့် တိုးတက်မှုနှုန်း (၅၂. ၉) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

(၂) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်။

**ပုဒ်မ-၁၈** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် လူငယ်အားလုံးပညာသင်ယူခွင့်ရရှိရန်၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရန်၊

(၃) သဘာဝအရင်းအမြစ်မှုရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရန်၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန်၊

(၅) ကျန်းမာရေးစနစ်ကို အားဖြည့်ဆောင်ရွက်ခြင်းအား အထူးအလေးပေးဆောင်ရွက်ရန်၊

(၆) အလုပ်သမားများ ကျန်းမာမှု တိုးတက်ကောင်းမွန်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှုတိုးတက်စေရန်၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရန်၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည် လုပ်ငန်းများကို ပြည်သူများအား ပြန်ကြားအသိပေးရန်၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးလုပ်ငန်းစဉ် များကို ဖော်ဆောင်ရန်၊

(၁၀) အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာ များက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၇၈၉၆. ၀) (ကျပ်ဘီလီယံ ၆၇. ၉) နှင့် တိုးတက်မှုနှုန်း (၄. ၁) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၁၉** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေးရမ်းခနှင့်အခြားဝန်ဆောင်မှု ကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အာဆီယံအသိုက်အဝန်းရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိ အမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရန်၊

(၂) ပုဂ္ဂလိကပိုင်ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြှင့်တင်ရေး ဆောင်ရွက်ပေးရန်၊

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေ တောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ ငွေးရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၂၅၀၁၄. ၁) (ကျပ် ဘီလီယံ ၂၂၅. ၀) နှင့် တိုးတက်မှုနှုန်း (၇. ၁) ရာခိုင်နှုန်း ရရှိရန် ရည်မှန်း ထားပါသည်။

**ပုဒ်မ-၂၀** ရှမ်းပြည်နယ်၏ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေးဦးစားပေးဆောင်ရွက်ရန်၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရန်၊

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၄-၂၀၁၅ ခုနှစ်၊ ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၇၈၄၇၇. ၂) (ကျပ်ဘီလီယံ ၆၇၈. ၅) နှင့် တိုးတက်မှုနှုန်း (၁. ၈) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

## အခန်း (၅)

## အထွေထွေ

**ပုဒ်မ-၂၁** ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်စီစဉ်မှုများ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
စဝ်အောင်မြတ်၊
ဝန်ကြီးချုပ်၊
ရှမ်းပြည်နယ်အစိုးရအဖွဲ့။

# ၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေများ
## (၂၀၁၄ ခုနှစ်၊ ကယားပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁၃)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

ကယားပြည်နယ်လွှတ်တော်သည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၆ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ၂၀၁၄ ခုနှစ်၊ **ကယားပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ**များဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေတွင်ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ကြီးကြပ်သူအရာရှိ**ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတွင် ဆန္ဒမဲပေးသည့် ကိစ္စအလို့ငှာ လွှတ်တော်ရုံးအကြီးအမှူးက တာဝန်ပေးသော လွှတ်တော်ရုံးမှ အရာရှိကို ဆိုသည်။

(ခ) **အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ထောက်ခံဆန္ဒမဲပေးသူ၊ ကန့်ကွက်ဆန္ဒမဲပေးသူ၊ ကြားနေဆန္ဒမဲပေးသူနှင့် ဆန္ဒမဲမပေးသူ အားလုံးကို ဆိုသည်။

(ဂ) **အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသည့်လွှတ်တော်ကိုယ်စားလှယ်**ဆိုသည်မှာ သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက်တင်မြှောက်လိုက်ကြောင်း သို့မဟုတ် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းခံရသူဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူကို ဆိုသည်။ ယင်းစကားရပ်တွင် နည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ (ဈ) နှင့် နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၃)၊ (၄) တို့ အရ အစည်းအဝေးတက်ရောက်ခွင့် ယာယီရုပ်သိမ်းထားခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များ မပါဝင်စေရ။

## အခန်း (၂)
## လွှတ်တော်အစည်းအဝေးများ ခေါ်ယူခြင်း

**အစည်းအဝေးများ**

၃။ **အစည်းအဝေးခေါ်ယူခြင်း။** လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပရာတွင် -

(က) ဥက္ကဋ္ဌသည် -

(၁) လွှတ်တော်အစည်းအဝေးများကို ခေါ်ယူကျင်းပရမည်၊

(၂) လွှတ်တော်အစည်းအဝေးများကျင်းပရန် လိုအပ်သည့်အစီအစဉ်များကိုစီစဉ်ဆောင်ရွက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ခေါ်ယူကျင်းပသော လွှတ်တော်ပုံမှန်အစည်းအဝေးများကို အစည်းအဝေးမစတင်မီ အနည်းဆုံး ၂၀ ရက် ကြိုတင်၍ ဖိတ်ကြားရမည်။

(ဂ) လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူရန်ရှိပါက ဥက္ကဋ္ဌက အနည်းဆုံး ၁၅ ရက်ကြိုတင်၍ ဖိတ်ကြားရမည်။

(ဃ) လွှတ်တော်အရေးပေါ်အစည်းအဝေး ခေါ်ယူရန်ရှိပါက ဥက္ကဋ္ဌက အနည်းဆုံး သုံးရက်ကြိုတင်၍ ဖိတ်ကြားရမည်။

၄။ **အစည်းအဝေးအစီအစဉ်။** လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် -

(က) လွှတ်တော်ပထမပုံမှန်အစည်းအဝေး၌ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်းမပြုရသေးမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ရုံးက အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ပြုစု၍ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

(ခ) ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးနောက် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်ရုံးက အစည်းအဝေး နေ့စဉ်အစီအစဉ်များကို ပြုစု၍ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေရမည်။

(ဂ) အစည်းအဝေး အထမြောက်ကြောင်း ကြေညာပြီးနောက် -

(၁) ခွင့်ပန်ကြားလိုသူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။

(၂) ဥက္ကဋ္ဌသည် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ၊ ယခင်က ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူဦးရေ၊ ယနေ့ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူဦးရေနှင့် ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ စုစုပေါင်းဦးရေကိုလည်းကောင်း၊ ခွင့်မဲ့ပျက်ကွက်သူဦးရေနှင့် အမည်စာရင်းကိုလည်းကောင်း လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူ မှတ်တမ်းတင်ထားရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ဆောင်ရွက်ပြီးနောက် အစည်းအဝေးမူလအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ရမည်။

## အခန်း (၃)

## လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ခြင်း

၅။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီရမည် -

(က) သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် တရားဝင်ရွေးကောက်တင်မြှောက်လိုက်ကြောင်း သို့မဟုတ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်း တင်သွင်းခံရသူဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အသိအမှတ်ပြုခံရသူဖြစ်ခြင်း၊

(ခ) လွှတ်တော်ကိုယ်စားလှယ်များအား စိစစ်ရန်ဖွဲ့စည်းထားသော ကော်မတီက စိစစ်အတည်ပြုပြီးခြင်း၊

(ဂ) လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်းမပြုရသေးပါက သဘာပတိ၏ ရှေ့မှောက်၌လည်းကောင်း၊ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ပြီးပါက ဥက္ကဋ္ဌ၏ ရှေ့မှောက်၌လည်းကောင်း နောက်ဆက်တွဲ (က) ပါ အတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးပြီးခြင်း။

## အခန်း (၄)

## သဘာပတိ

### သဘာပတိ တင်မြှောက်ခြင်း

၆။ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်သက်တမ်းတစ်ရပ်၏ လွှတ်တော်ပထမပုံမှန်အစည်းအဝေး စတင်ကျင်းပသည့်အခါ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမည်။

၇။ **သဘာပတိလောင်း အမည်စာရင်း တင်သွင်းခြင်း။** အများပြည်သူကြည်ညိုလေးစားခြင်းခံရသော သဘာပတိ တင်မြှောက်နိုင်ရေးအတွက် သဘာပတိလောင်း အမည်စာရင်းတင်သွင်းခြင်းကို ဆောင်ရွက်ရာတွင်-

(က) လွှတ်တော်ရုံးအကြီးအမှူးသည် လွှတ်တော်အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ရမည်။

(ခ) သဘာပတိလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၁) ကို ပုံစံ (၂) တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။

(ဂ) အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်း တင်သွင်းလိုသူသည် သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရမည်။

(ဃ) အမည်စာရင်းတင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပေးအပ်ရမည်။

(င) အခမ်းအနားမှူးသည် အမည်စာရင်း တင်သွင်းလွှာများကို စုစည်း၍ သဘာပတိလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ (၃) ဖြင့် ကြေညာရမည်။

(စ) သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူတစ်ဦးတည်းသာရှိလျှင် ယင်းအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း အခမ်းအနားမှူးက ကြေညာ၍ သဘာပတိ တာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၈။ **အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုခြင်း။** သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူတစ်ဦးထက်ပိုလျှင် သဘာပတိတင်မြှောက်ရန် ဆန္ဒမဲလက်မှတ်အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲ ပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေးခန်းမအတွင်း လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ပြုလုပ်ရမည်၊

(ခ) လွှတ်တော်ရုံးအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်။

(ဂ) လွှတ်တော်ရုံးအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများ စီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် လွှတ်တော်အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများကိုလည်း စီစဉ်ထားရှိရမည်၊

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုးယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ (၄) များကို လွှတ်တော်ကိုယ်စားလှယ်များနှင့် အခမ်းအနားမှူးတို့ရှေ့မှောက်၌ ရေတွက်၍ ပုံစံ (၅) ၌ ဖြည့်သွင်းပြုစုပြီး အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူ၍ လက်မှတ်ရေးထိုး မှတ်တမ်းတင် ထားရှိရမည်၊

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိ ဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့် အရာမျှ မရှိကြောင်း ထင်ရှားအောင် ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သော နေရာများတွင် ထားရှိရမည်၊

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ်ပုံစံ (၄) ကို ဆန္ဒမဲလက်မှတ်ထုတ်ယူရန် သတ်မှတ်ထားသော နေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ (၆) တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား (✔) ကို

လည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသား (✘) ကို လည်းကောင်း အထင်အရှား ပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထိုသို့ လဲလှယ်သည့်နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် အခမ်းအနားမှူး ရှေ့မှောက်တွင် ဆန္ဒမဲလက်မှတ်အဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ (၇) တွင် ဖြည့်သွင်းပြုစု၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထားရမည်၊

(ဇ) သဘာပတိလောင်းတစ်ဦးချင်း ရရှိသော ဆန္ဒမဲ ရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် -

(၁) အခမ်းအနားမှူးသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။ ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးများအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကိုက်ညီခြင်း ရှိ မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ (၆) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်က ပိုနေကြောင်း ကြီးကြပ်သူအရာရှိက တင်ပြလာလျှင် အခမ်းအနားမှူးသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့် အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ်မရှိပါက မရှိကြောင်းကိုလည်းကောင်း ကြီးကြပ်သူအရာရှိက အခမ်းအနားမှူးထံ တင်ပြလာသည့်အခါ အခမ်းအနားမှူးက ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲလက်မှတ်များကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။

၉။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ သဘာပတိလောင်း တစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီခွဲ၍ ရေတွက်ရမည်။ ထိုသို့ ရေတွက်ရာတွင် အောက်ပါဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိက အခမ်းအနားမှူးထံ တင်ပြ၍ မှန်ကန်ပါက အခမ်းအနားမှူးသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာရမည် -

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) သဘာပတိလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား (✔) နှင့် ကြက်ခြေအမှတ်အသား (✘) များမှအပ အခြား အမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကိုဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း မရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

၁၀။ ကြီးကြပ်သူအရာရှိသည် အောက်ပါဆန္ဒမဲလက်မှတ် အရေအတွက်များကို ပုံစံ (၈-က) နှင့် ပုံစံ (၈-ခ) တို့တွင် ဂဏန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း ဖြည့်စွက်၍ အခမ်းအနားမှူးထံ တင်ပြ အတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည် -

(က) ပုံစံ (၈-က) တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ်အရေအတွက်၊

(ခ) ပုံစံ (၈-ခ) တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ်အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

၁၁။ သဘာပတိလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြီးကြပ်သူအရာရှိက ပုံစံ (၉) တွင် ဖြည့်စွက်၍ အခမ်းအနားမှူးထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင် ထားရှိရမည်။

၁၂။ အခမ်းအနားမှူးသည် ပုံစံ (၉) အရ သဘာပတိလောင်းများ ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်း အလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲ အများဆုံးရရှိသူကို သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိ တာဝန်ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၁၃။ ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် ရရှိသည့်ထောက်ခံ ဆန္ဒမဲနည်းသူများကိုပယ်၍ ဆန္ဒမဲတူနေသူများအတွက်သာ ဆန္ဒမဲပေးပွဲအသစ်ကို နည်းဥပဒေ ၈၊ ၉၊ ၁၀ နှင့် ၁၁ တို့ပါ နည်းလမ်းများနှင့်အညီ အခမ်းအနားမှူးက ဒုတိယအကြိမ် ထပ်မံကျင်းပရမည်။

၁၄။ ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်မံတူညီနေလျှင် နည်းဥပဒေ ၁၃ နှင့်အညီ လိုက်နာဆောင်ရွက်၍ ဆန္ဒမဲ ပေးပွဲကို အခမ်းအနားမှူးက တတိယအကြိမ် ထပ်မံကျင်းပရမည်။ တတိယအကြိမ် ပြုလုပ်သည့် ဆန္ဒမဲ ပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲ အများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် အခမ်း အနားမှူးသည် မဲနှိုက်ပြီး မဲကျသူအား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာ၍ သဘာပတိတာဝန် ထမ်းဆောင်ရန် ဖိတ်ခေါ်ရမည်။

၁၅။ **ကတိသစ္စာပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း။** သဘာပတိသည် ကတိသစ္စာပြု လက်မှတ်ရေးထိုးခြင်းနှင့် စပ်လျဉ်း၍ -

(က) သဘာပတိသည် သဘာပတိတာဝန် မထမ်းဆောင်မီ လွှတ်တော်၏ ရှေ့မှောက်တွင် လွှတ်တော် ကိုယ်စားလှယ်အဖြစ်လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း နောက်ဆက်တွဲ (က) ပါ အတိုင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကတိသစ္စာပြု လက်မှတ်ရေးထိုးနိုင်ရေးအတွက် အခမ်းအနားမှူးက ဆောင်ရွက်ပေးရမည်။

## အခန်း (၅)

## ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ

### ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ခြင်း

၁၆။ **ဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းခြင်း။** ဥက္ကဋ္ဌရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ဥက္ကဋ္ဌ လောင်း အမည်စာရင်း တင်သွင်းခြင်းကို ဆောင်ရွက်ရာတွင် -

(က) ဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် အမည်စာရင်း တင်သွင်းလွှာပုံစံ (၁) ကို ပုံစံ (၂) တွင် လက်မှတ်ရေးထိုး၍ အခမ်းအနားမှူးထံမှ ထုတ်ယူရမည်။

(ခ) အမည်စာရင်း တင်သွင်းသူသည် အမည်စာရင်းတင်သွင်းလွှာတွင် လိုအပ်သည့် အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးမှတစ်ဆင့် သဘာပတိထံ တင်သွင်းရမည်။

(ဂ) အမည်စာရင်းတင်သွင်းသူက မိမိအမည်စာရင်း တင်သွင်းလိုသူသည် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရလျှင် လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရမည်။

(ဃ) အမည်စာရင်းတင်သွင်းခံရသော လွှတ်တော်ကိုယ်စားလှယ်သည် ဆန္ဒမဲပေးပွဲ မကျင်းပမီ ဥက္ကဋ္ဌလောင်းအဖြစ်မှ နုတ်ထွက်နိုင်သည်။

(င) သဘာပတိသည် အမည်စာရင်းတင်သွင်းလွှာများကို စုစည်း၍ ဥက္ကဋ္ဌလောင်းများ၏ အက္ခရာစဉ်အလိုက် အမည်စာရင်းကို လွှတ်တော်တွင် ပုံစံ (၃) ဖြင့် ကြေညာရမည်။

၁၇။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးတည်းသာရှိလျှင် ယင်းအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။

၁၈။ **အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုခြင်း။** ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုလျှင် ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရန် ဆန္ဒမဲလက်မှတ်အသုံးပြုပြီး လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ဆန္ဒမဲပေးပွဲကို လွှတ်တော်အစည်းအဝေးခန်းမအတွင်း လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ပြုလုပ်ရမည်၊

(ခ) လွှတ်တော်ရုံးအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် ကြီးကြပ်သူအရာရှိအား အထောက်အကူပြုရန် ဝန်ထမ်းအဖွဲ့ကို ဖွဲ့စည်းပေးရမည်၊

(ဂ) လွှတ်တော်ရုံးအကြီးအမှူးသည် ဆန္ဒမဲပေးပွဲအတွက် လိုအပ်သော ဆန္ဒမဲလက်မှတ်များ၊ ဆန္ဒမဲစာရင်း၊ ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ပုံစံများ၊ ဆန္ဒမဲပုံးများ စီစဉ်ထားရှိရမည်။ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ရန် လွှတ်တော်အစည်းအဝေးခန်းမအတွင်း သီးသန့်နေရာများကိုလည်း စီစဉ်ထားရှိရမည်၊

(ဃ) ကြီးကြပ်သူအရာရှိသည် ဆန္ဒမဲပေးပွဲမစတင်မီ ဆန္ဒမဲပေးမည့် လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိလက်မှတ်ရေးထိုး ယူဆောင်လာသော ဆန္ဒမဲလက်မှတ်ပုံစံ (၄) များကို သဘာပတိနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်၌ ရေတွက်၍ ပုံစံ (၅) ၌ ဖြည့်သွင်းပြုစုပြီး သဘာပတိထံ တင်ပြ အတည်ပြုချက်ရယူ၍ လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည်၊

(င) ဆန္ဒမဲပေးပွဲမစတင်မီ နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းများသည် လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဆန္ဒမဲပုံးများအတွင်း မည်သည့်အရာမျှ မရှိကြောင်း ထင်ရှားအောင်ပြသပြီး ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ မြင်နိုင်သောနေရာတွင် ထားရှိရမည်၊

(စ) လွှတ်တော်ကိုယ်စားလှယ်များသည် ဆန္ဒမဲလက်မှတ်ပုံစံ (၄) ကို ဆန္ဒမဲလက်မှတ်ထုတ်ယူရန် သတ်မှတ်ထားသော နေရာများရှိ တာဝန်ရှိဝန်ထမ်းများထံမှ လက်ခံရရှိကြောင်း ပုံစံ (၆) တွင် လက်မှတ်ရေးထိုးရယူ၍ သတ်မှတ်ထားသော နေရာတွင် လျှို့ဝှက်ဆန္ဒပြုရမည်။ ယင်းသို့ ဆန္ဒပြုရာတွင် ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့် အမှန်အမှတ်အသား (✔) ကို လည်းကောင်း၊ ကန့်ကွက်သူအား မင်ဖြင့် ကြက်ခြေအမှတ်အသား (✘) ကိုလည်းကောင်း အထင်အရှားပြုရမည်။ ထို့နောက် ဆန္ဒမဲလက်မှတ်ကို မိမိကိုယ်တိုင် မဲပုံးအတွင်းသို့ ထည့်ရမည်၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် ဆန္ဒမဲလက်မှတ်ပေါ်တွင် မှားယွင်းရေးသားမိလျှင် ယင်းဆန္ဒမဲလက်မှတ်ကို ပယ်ဖျက်၍ ဆန္ဒမဲလက်မှတ်အသစ် လဲလှယ်ပေးရန် တောင်းခံနိုင်သည်။ ထိုသို့ လဲလှယ်သည့် နေရာ၌ပင် လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် သဘာပတိရှေ့မှောက်တွင်

ဆန္ဒမဲလက်မှတ်ဟောင်းကို ဖျက်ဆီးပစ်ရမည်။ ဖျက်ဆီးသည့် ဆန္ဒမဲလက်မှတ်အရေအတွက်ကို ကြီးကြပ်သူအရာရှိက ပုံစံ (၇) တွင် ဖြည့်သွင်းပြုစု၍ သဘာပတိထံ တင်ပြအတည်ပြုချက်ရယူပြီး မှတ်တမ်းတင်ထားရမည်၊

(ဈ) ဥက္ကဋ္ဌလောင်းတစ်ဦးချင်းရရှိသော ဆန္ဒမဲရေတွက်ခြင်းကို ဆောင်ရွက်ရာတွင် -

(၁) သဘာပတိသည် ဆန္ဒမဲပုံးများကို လွှတ်တော်ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် နည်းဥပဒေခွဲ (ခ) အရ ဖွဲ့စည်းထားသည့် ဝန်ထမ်းအဖွဲ့၏ တာဝန်ရှိဝန်ထမ်းအား ဖွင့်လှစ်စေ၍ ဆန္ဒမဲလက်မှတ်များကို ထုတ်ယူစေရမည်။ ဆန္ဒမဲပုံးများကို ဖွင့်လှစ်ခြင်းမပြုမီ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်များကို တွေ့ရှိပါက ကြီးကြပ်သူအရာရှိအား အရေအတွက်ကို မှတ်တမ်းတင်စေ၍ ပယ်မဲအဖြစ် သတ်မှတ်စေရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက် ကိုက်ညီခြင်း ရှိ မရှိ ကြီးကြပ်သူအရာရှိက စိစစ်ရမည်။ ပုံစံ (၆) ဖြင့် ထုတ်ပေးထားသော ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်က ပိုနေကြောင်း ကြီးကြပ်သူအရာရှိက တင်ပြလာလျှင် သဘာပတိသည် ဆန္ဒမဲပေးပွဲ အထမမြောက်ကြောင်းနှင့် ဆန္ဒမဲပေးပွဲကို အသစ်ပြုလုပ်မည်ဖြစ်ကြောင်း လွှတ်တော်သို့ ကြေညာရမည်။

(၃) လွှတ်တော်ကိုယ်စားလှယ်များအား ပုံစံ (၆) ဖြင့် ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ် အရေအတွက်ထက် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ် အရေအတွက်က လျော့နည်းနေပါက လျော့နည်းသည့် အရေအတွက်ကိုလည်းကောင်း၊ လျော့နည်းသည့် ဆန္ဒမဲလက်မှတ် မရှိပါက မရှိကြောင်းကိုလည်းကောင်း ကြီးကြပ်သူအရာရှိက သဘာပတိထံ တင်ပြလာသည့်အခါ သဘာပတိက ဆန္ဒမဲပေးပွဲ အထမြောက်ကြောင်း ကြေညာ၍ ဆန္ဒမဲ လက်မှတ်များကို ကြီးကြပ်သူအရာရှိအား ရေတွက်စေရမည်။

၁၉။ ဆန္ဒမဲလက်မှတ်များကို ရေတွက်ရာ၌ ဥက္ကဋ္ဌလောင်းတစ်ဦးစီရရှိသော ဆန္ဒမဲလက်မှတ်များကို သီးခြားစီ ခွဲ၍ ရေတွက်ရမည်။ ထိုသို့ရေတွက်ရာတွင် အောက်ပါဆန္ဒမဲလက်မှတ်များကိုတွေ့ရှိပါက ကြီးကြပ်သူအရာရှိက သဘာပတိထံ တင်ပြ၍ မှန်ကန်ပါက သဘာပတိသည် ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်ကြောင်း ကြေညာ ရမည် -

(က) ဆန္ဒမဲပုံးထဲသို့ မထည့်ဘဲ ဆန္ဒမဲပုံးပြင်ပတွင် ထားခဲ့သော ဆန္ဒမဲလက်မှတ်၊

(ခ) ဥက္ကဋ္ဌလောင်းတစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(ဂ) မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်၊

(ဃ) အမှန်အမှတ်အသား (✔) နှင့် ကြက်ခြေအမှတ်အသား (✘) များမှအပ အခြား အမှတ်အသား ပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(င) မည်သူ့ကိုဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲလက်မှတ်၊

(စ) ကြီးကြပ်သူအရာရှိကိုယ်တိုင် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်၊

(ဆ) အတုပြုလုပ်ထားသော ဆန္ဒမဲလက်မှတ်။

၂၀။ ကြီးကြပ်သူအရာရှိသည် အောက်ပါဆန္ဒမဲလက်မှတ် အရေအတွက်များကို ပုံစံ (၈-က) နှင့် ပုံစံ (၈-ခ) တို့တွင် ဂဏန်းဖြင့်လည်းကောင်း စာဖြင့်လည်းကောင်း ဖြည့်စွက်၍ သဘာပတိထံ တင်ပြအတည်ပြုချက် ရယူပြီး လက်မှတ်ရေးထိုး မှတ်တမ်းတင်ထားရှိရမည် -

(က) ပုံစံ (၈-က) တွင် ပယ်မဲအဖြစ် သတ်မှတ်သော ဆန္ဒမဲလက်မှတ်အရေအတွက်၊

(ခ) ပုံစံ (၈-ခ) တွင် ဆန္ဒမဲများရေတွက်ရာ၌ ထည့်သွင်းရေတွက်ခွင့်မရှိသော အောက်ဖော်ပြပါ ဆန္ဒမဲလက်မှတ် အရေအတွက် -

(၁) ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်က မူလထုတ်ပေးထားသော ဆန္ဒမဲလက်မှတ်အရေအတွက်ထက် လျော့နည်းနေသည့် အရေအတွက်၊

(၂) မှားယွင်းရေးသားမိ၍ ဖျက်ဆီးပစ်သည့် ဆန္ဒမဲလက်မှတ်အရေအတွက်။

၂၁။ ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် အမည်စာရင်းကို ကြီးကြပ်သူအရာရှိက ပုံစံ (၉) တွင် ဖြည့်စွက်၍ သဘာပတိထံ တင်ပြအတည်ပြုချက်ရယူပြီး လက်မှတ်ရေးထိုးမှတ်တမ်းတင်ထားရှိရမည်။

၂၂။ သဘာပတိသည် ပုံစံ (၉) အရ ဥက္ကဋ္ဌလောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအများအနည်းအလိုက် အမည်စာရင်းပါ ထောက်ခံဆန္ဒမဲအများဆုံး ရရှိသူကို ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာရမည်။

၂၃။ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်သည့် ဆန္ဒမဲပေးပွဲတွင် သဘာပတိသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဆန္ဒမဲပေးရမည်။ သဘာပတိသည် အနိုင်မဲပေးပြီး ဆုံးဖြတ်ပိုင်ခွင့် မရှိစေရ။ ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ တူညီနေလျှင် ရရှိသည့် ထောက်ခံဆန္ဒမဲနည်းသူများကို ပယ်၍ ဆန္ဒမဲတူညီနေသူများအတွက်သာ ဆန္ဒမဲပေးခြင်းကို နည်းဥပဒေ ၁၈၊ ၁၉၊ ၂၀ နှင့် ၂၁ တို့ပါ နည်းလမ်းများနှင့်အညီ သဘာပတိက ဒုတိယအကြိမ် ထပ်မံကျင်းပရမည်။

၂၄။ ဒုတိယအကြိမ် ထပ်မံကျင်းပသည့် ဆန္ဒမဲပေးပွဲတွင်လည်း ထောက်ခံဆန္ဒမဲအများဆုံးနေရာ၌ နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ ထပ်မံတူညီနေလျှင် ဆန္ဒမဲပေးပွဲကို ရုံးပိတ်ရက်များမပါ သုံးရက် ခေတ္တရပ်နားရမည်။

၂၅။ ဆန္ဒမဲပေးပွဲ ပြန်လည်ကျင်းပသည့်အခါ ဆန္ဒမဲပေးပွဲကို နည်းဥပဒေ ၂၃ နှင့်အညီ လိုက်နာဆောင်ရွက်၍ သဘာပတိက ဥက္ကဋ္ဌရွေးကောက်တင်မြှောက်ရရှိသည်အထိ ဆက်လက်ကျင်းပပေးရမည်။

၂၆။ နည်းဥပဒေ ၂၃၊ ၂၄ နှင့် ၂၅ တို့နှင့်အညီ ဆောင်ရွက်၍ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူအား ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိက ကြေညာရမည်။

**ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း**

၂၇။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ရာတွင် -

(က) နည်းဥပဒေ ၁၆ မှ ၂၆ အထိ ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်သည့် ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ယင်းသို့ ရွေးကောက်တင်မြှောက်ခြင်းအတွက် ပုံစံ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈-က)၊ (၈-ခ) နှင့် (၉) တို့ကို အသုံးပြုရမည်။

**ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြုခြင်းနှင့် တာဝန်လွှဲအပ်ခြင်း**

၂၈။ ရွေးကောက်တင်မြှောက်ခြင်းခံရသော ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိရှေ့မှောက်တွင် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် နောက်ဆက်တွဲ (ခ) ပါ အတိုင်း ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမည်။

၂၉။ သဘာပတိသည် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးပါက လွှတ်တော်ရှေ့မှောက်တွင် ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပေးရမည်။

**အခြားတာဝန်ပေးအပ်ခြင်း**

၃၀။ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်တွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်တွင်သော်လည်းကောင်း

တာဝန်ပေးအပ်ခြင်းခံရပါက ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းခံရသဖြင့် ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ နေရာလစ်လပ်ပါက နည်းဥပဒေ ၁၆ မှ ၂၇ အထိပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက်ရမည်။

## ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၁။ **ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** ဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လွှတ်တော်ကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ထိုသို့ ကြီးကြပ်ကွပ်ကဲရာတွင် မိမိချမှတ်သော အမိန့်များကို တည်စေရန် လိုအပ်သော အခွင့်အာဏာအပြည့်အဝ ကျင့်သုံးခွင့်ရှိခြင်း၊

(ခ) နိုင်ငံတော်သမ္မတက လွှတ်တော်အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြား၍ လိုအပ်သည်များကိုစီစဉ်ဆောင်ရွက်ပေးခြင်း၊

(ဂ) ကယားပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားလိုကြောင်း အဆိုပြုလျှင် လိုအပ်သည်များကို စီစဉ် ဆောင်ရွက်ပေးခြင်း၊

(ဃ) လွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခြင်း၊

(င) လွှတ်တော်လုပ်ငန်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ ဤနည်းဥပဒေများနှင့် ကိုက်ညီမှုရှိစေရန် ကြပ်မတ်ခြင်း၊

(စ) လွှတ်တော်အစည်းအဝေးများကို စည်းကမ်းသေဝပ်စေရန် တာဝန်ယူခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း တွေ့ရှိပါက သတိပေးတားမြစ်ခြင်း၊

(ဇ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်သည် စည်းကမ်းချက်များနှင့် မကိုက်ညီကြောင်း အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက တင်ပြလာလျှင် အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဈ) လွှတ်တော်ပရဝဏ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အပြုအမူနှင့်အပြောအဆိုသည် အလွန်မဖွယ်မရာဖြစ်ကြောင်း တွေ့ရှိပါက ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော် ပရဝဏ်အတွင်းမှ ချက်ချင်း ထွက်ခွာသွားရန်နှင့် ထိုနေ့ အစည်းအဝေးသို့ တက်ရောက်ခြင်းမပြုရန် ညွှန်ကြားနိုင်ခြင်း၊ လွှတ်တော်အစည်းအဝေး ကာလတစ်ခုအတွင်း ယင်းသို့ ဒုတိယအကြိမ် ညွှန်ကြားခြင်းခံရလျှင်မူ အစည်းအဝေး၏ ကျန်ရှိသောရက်များထက် မပိုသောကာလအပိုင်း အခြား၌ ယင်းလွှတ်တော်ကိုယ်စားလှယ်အား လွှတ်တော်အစည်းအဝေးများသို့လည်းကောင်း၊ လွှတ်တော်ကော်မတီ အစည်းအဝေးများသို့လည်းကောင်း မတက်ရောက်ရန် ညွှန်ကြားနိုင်ခြင်း၊ ထို့ပြင် ယင်းသို့ ညွှန်ကြားခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်ကို လွှတ်တော်ပရဝဏ်အတွင်းသို့ မလာရောက်စေရန်လည်း ညွှန်ကြားနိုင်ခြင်း၊

(ည) လွှတ်တော်အတွင်းတွင် ထိန်းသိမ်း၍ မရနိုင်လောက်အောင် စည်းကမ်းသေဝပ်မှု ပျက်ပြားသော အခြေအနေပေါ်ပေါက်လာလျှင် လွှတ်တော်အစည်းအဝေးကို ခေတ္တရပ်ဆိုင်းခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း၊

(ဋ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ ဆွေးနွေးချက်များသည် လွှတ်တော်အစည်းအဝေး အစီအစဉ်နှင့် သက်ဆိုင်ကိုက်ညီခြင်း ရှိ မရှိ အဆုံးအဖြတ်ပေးခြင်းနှင့်ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဌ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် သတ်မှတ်ခွင့်ပြုထားသော ဆွေးနွေးနိုင်သည့် အချိန်ထက် ကျော်လွန်၍ ပြောဆိုနေပါက သတိပေးကြပ်မတ်ခြင်း၊

(ဍ) လွှတ်တော်တွင် ဆွေးနွေးဆဲ အကြောင်းအရာတစ်ရပ်ကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ် ပေးခြင်းနှင့် ယင်းအဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဎ) လွှတ်တော်အစည်းအဝေးကို ရွှေ့ဆိုင်းရန် သို့မဟုတ် ရပ်ဆိုင်းရန် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ကျိုးကြောင်းဖော်ပြချက်ဖြင့် တင်ပြလာပါက အဆုံးအဖြတ်ပေးခြင်းနှင့် ယင်းအဆုံး အဖြတ်သည် အပြီးအပြတ်ဖြစ်ခြင်း၊

(ဏ) လွှတ်တော်အစည်းအဝေးကို လိုအပ်လျှင် ခေတ္တရပ်နားခြင်း၊

(တ) လွှတ်တော်ကဆုံးဖြတ်ရန် လိုအပ်သောကိစ္စကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်း၍ အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံလျှင် ယင်းအဆိုသည် လွှတ်တော်၏ အဆုံးအဖြတ် လိုအပ်သောအဆို ဟုတ် မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒကိုရယူခြင်း၊

(ထ) လွှတ်တော်တွင် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ အောက်ပါနည်းလမ်းများအနက် မည်သည့် နည်းလမ်းဖြင့် ဆန္ဒပြုရမည်ကို ဆုံးဖြတ်သတ်မှတ်ခြင်း -

(၁) ဆန္ဒမဲလက်မှတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒမဲပေးသည့် နည်းလမ်း၊

(၂) မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်း။

(ဒ) လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာ ဆန္ဒမဲဖြင့် ဆုံးဖြတ်စေခြင်း၊

(ဓ) လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာ ဥပဒေများတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲပေးခြင်းမပြုရဘဲ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက် ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးခြင်း၊

(န) ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန်ရှိလျှင်သော်လည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စရပ်များကို စဉ်းစားဆွေးနွေးရန်ရှိလျှင်သော်လည်းကောင်း လွှတ်တော် အစည်းအဝေးကို တံခါးပိတ်ကျင်းပရန် ကြေညာခြင်း၊

(ပ) လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်အတွင်း ဆောင်ရွက် ချက်များကို အထင်အမြင်မှားစေသော ရေးသားပြောဆိုမှုများနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ အရေးယူရမည်ကို ဆုံးဖြတ်ခြင်း၊

(ဖ) ဤနည်းဥပဒေများတွင် ပြဋ္ဌာန်းထားခြင်းမရှိသောကိစ္စများ ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ ဤနည်းဥပဒေများအတိုင်း ဆောင်ရွက်ရာတွင် အခက်အခဲတစ်ရပ်နှင့် ကြုံတွေ့ရလျှင်သော် လည်းကောင်း ယင်းအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်ခြင်း၊

(ဗ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

၃၂။ **ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ။** ဒုတိယဥက္ကဋ္ဌ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဥက္ကဋ္ဌက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊

(ခ) လွှတ်တော်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌအား အကြံဉာဏ်ပေးခြင်းနှင့် အကူအညီပေးခြင်း၊

(ဂ) ဥက္ကဋ္ဌသည် တာဝန်ထမ်းဆောင်နိုင်စွမ်း မရှိသည့်အခါ ယင်း၏ တာဝန်ကို ယာယီထမ်းဆောင်ခြင်း၊

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ခြင်း။

## အခန်း (၆)

## လွှတ်တော်အစည်းအဝေးများ

**အစည်းအဝေးများကျင်းပခြင်း**

၃၃။ **အစည်းအဝေးနေ့ရက်နှင့် အချိန်သတ်မှတ်ခြင်း။** အစည်းအဝေးနေ့ရက်နှင့်အချိန် သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ -

(က) လွှတ်တော်အစည်းအဝေးများကို သာမန်အားဖြင့် စနေ၊ တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်များမှ အပ ကျန်နေ့ရက်များတွင် နံနက် ၁၀ နာရီမှ ၄ နာရီအထိ ကျင်းပနိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေးကို ရုံးပိတ်ရက်များ အပါအဝင် တစ်ဆက်တစ်စပ်တည်း ကျင်းပရန် လိုအပ်လျှင်သော်လည်းကောင်း၊ သတ်မှတ်ချိန်ထက် ကျော်လွန်၍ကျင်းပရန် လိုအပ်လျှင်သော် လည်းကောင်း လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူ၍ ဆောင်ရွက်နိုင်သည်။

၃၄။ **အစည်းအဝေးအထမြောက်ခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ် ကျင်းပရာတွင် -

(က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးကျင်းပသော နေ့များတွင် အစည်းအဝေး တက်ရောက်ကြောင်း မှတ်ပုံတင်စာအုပ်တွင် လက်မှတ်ရေးထိုးရမည်။

(ခ) လွှတ်တော်သက်တမ်း တစ်ခုအတွင်း ကျင်းပသော လွှတ်တော်အစည်းအဝေးတစ်ရပ်ရပ်၏ ပထမနေ့တိုင်း၌ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေတက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။ အစည်းအဝေးအထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

(ဂ) အစည်းအဝေးအထမြောက်ရန် လိုအပ်သည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်ကြောင်းသိရှိသည့် အခါ ဥက္ကဋ္ဌသည် ခေါင်းလောင်းကိုတစ်မိနစ်တီး၍အချက်ပေးရမည်။ ယင်းသို့ အချက်ပေးခေါင်းလောင်း တီးပြီးနောက် ငါးမိနစ်အတွင်း အစည်းအဝေးအထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ မပြည့်သေးလျှင် အစည်းအဝေးကို ထိုနေ့တွင်ပင် အချိန်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည် သို့မဟုတ် ရက်သတ်မှတ်၍ ရွှေ့ဆိုင်းနိုင်သည်။ ယင်းသို့ ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများတွင် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ အနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၃၅။ **အစည်းအဝေးစတင်ကြောင်း ကြေညာခြင်း။** အစည်းအဝေးစတင်ခြင်းနှင့် စပ်လျဉ်း၍ -

(က) သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးကျင်းပသည့် နေ့တိုင်းတွင် နည်းဥပဒေ ၃၄ အရ အစည်းအဝေး အထမြောက်ခြင်း ရှိ မရှိ စိစစ်စေရမည်။

(ခ) ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ခြင်း မပြုရသေးမီ ကျင်းပသည့် လွှတ်တော် အစည်းအဝေးများတွင် သဘာပတိက အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာရမည်။

(ဂ) ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးနောက် ကျင်းပသည့် လွှတ်တော် အစည်း အဝေးများတွင် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်သော ဒုတိယဥက္ကဋ္ဌက ကြေညာရမည်။

၃၆။ **ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ခြင်း။** လွှတ်တော်တွင် ဆွေးနွေးခွင့်နှင့် အချိန်သတ်မှတ်ရာ၌ -

(က) လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးကျင်းပနေစဉ်အတွင်း ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့်သာလျှင် လွှတ်တော်တွင် ဆွေးနွေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် တစ်ကြိမ်လျှင်အများဆုံး မိနစ် ၂၀ အထိသာ ဆွေးနွေးရမည်။ သို့ရာတွင် လွှတ်တော်၏လုပ်ငန်း သို့မဟုတ် ဆွေးနွေးဆဲကိစ္စကို အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါက ဥက္ကဋ္ဌသည် ယင်းလွှတ်တော်ကိုယ်စားလှယ်အား အချိန်သတ်မှတ်၍ ဆက်လက်တင်ပြဆွေးနွေးခွင့်ပြုနိုင်သည်။

၃၇။ **ဆန္ဒမဲဖြင့် ဆုံးဖြတ်ခြင်း။** လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာဥပဒေများတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိလျှင် -

(က) အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲအရေအတွက်ချင်း တူညီနေသည့်ကိစ္စရပ်တွင်သာ အနိုင်မဲ ပေးရမည်။

၃၈။ **တံခါးပိတ် အစည်းအဝေးကျင်းပခြင်း။** ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကိုလည်းကောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စများကိုလည်းကောင်း ဆွေးနွေးစဉ်းစားရန် လိုအပ်ပါက -

(က) ဥက္ကဋ္ဌ၏ ဆုံးဖြတ်ချက်အရ လွှတ်တော်အစည်းအဝေးများကို တံခါးပိတ်ကျင်းပရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကျင်းပသည့်တံခါးပိတ် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များအပြင် ဥက္ကဋ္ဌက တက်ရောက်စေလိုသည့် ပုဂ္ဂိုလ်များနှင့် သတ်မှတ်ပေးထားသည့် တာဝန်ထမ်းဆောင်ရန် လိုအပ်သူများသာ လွှတ်တော်အစည်းအဝေးခန်းမတွင် ရှိစေရမည်။

၃၉။ **အစည်းအဝေးမှတ်တမ်းပြင်ဆင်ခွင့်။** လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြား၍ တက်ရောက်သော ပုဂ္ဂိုလ်များသည် -

(က) လွှတ်တော်အစည်းအဝေးတွင် မိမိဆွေးနွေးခဲ့သည့် စကားရပ်များနှင့်စပ်လျဉ်း၍ ကွဲလွဲမှတ်တမ်းတင်ထားသည်ကို တွေ့ရှိလျှင် လွှတ်တော်ရုံးသို့ စာဖြင့် ပြင်ဆင်ချက်ပေးပို့နိုင်သည်။

(ခ) နည်းဥပဒေခွဲ (က) အရ ပြင်ဆင်ချက်ပေးပို့ရာတွင် မိမိအမှန်တကယ်ပြောဆိုခဲ့သော စကားရပ်များကိုမူ ပြင်ဆင်ခွင့် မရှိစေရ။

၄၀။ လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့လစ်လပ်နေစေကာမူ လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၄၁။ လွှတ်တော်အစည်းအဝေးက ချမှတ်သည့် ဆုံးဖြတ်ချက်များကို လွှတ်တော်ရုံးက မှတ်တမ်းပြုစု၍ အစည်းအဝေးပြီးဆုံးသည့်နေ့မှ သုံးရက်အတွင်း ဥက္ကဋ္ဌထံတင်ပြပြီး လက်မှတ်ရေးထိုးထားရမည်။

၄၂။ **အစည်းအဝေးတွင် လိုက်နာရန်စည်းကမ်းများ။** လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည် -

(က) ကာကွယ်ရေး၊ လုံခြုံရေးနှင့် နိုင်ငံတော်လျှို့ဝှက်ချက်ကိစ္စများကို တံခါးပိတ်အစည်းအဝေးမှအပ အခြားအစည်းအဝေး၌ တင်ပြခြင်းမပြုရ၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမည့်စကား မပြောဆိုရ၊

(ဂ) မည်သည့်ဘာသာ၊ သာသနာနှင့် ဓလေ့ထုံးတမ်းကိုမျှ ပုတ်ခတ်ပြောဆိုခြင်း မပြုရ၊

(ဃ) နိုင်ငံရေးပါတီတစ်ခုခုကို ထိပါးပုတ်ခတ်ပြောဆိုခြင်း မပြုရ၊

(င) တရားရုံးတစ်ရုံးက ဆုံးဖြတ်ချက် မချမှတ်ရသေးသော မည်သည့်ကိစ္စရပ်ကိုမျှ ရည်ညွှန်းထည့်သွင်း ပြောဆိုခြင်းမပြုရ၊

(စ) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ်ပြောဆိုခြင်း မပြုရ၊

(ဆ) လွှတ်တော်ပရဝုဏ်အတွင်းတွင်ဖြစ်စေ၊ လွှတ်တော်တွင်ဖြစ်စေ၊ လွှတ်တော်အဖွဲ့အစည်းတစ်ရပ်ရပ်တွင် ဖြစ်စေ ပြောကြားဆွေးနွေးချက်များကို ထိပါးပုတ်ခတ်ပြောဆိုခြင်းသော်လည်းကောင်း၊ ယင်းအစည်းအဝေးများတွင် ဆောင်ရွက်သည့် ကိစ္စများကို မဖွယ်မရာသော အသုံးအနှုန်းဖြင့် ပြောကြားခြင်းသော်လည်းကောင်း မပြုရ၊

(ဇ) နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေး ကို ထိခိုက်သော စကားမပြောဆိုရ၊

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များ၊ လွှတ်တော်၏ အစဉ်အလာများ၊ ထုံးတမ်းများကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ၊

(ည) ရုန့်ရင်းကြမ်းတမ်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများ မပြုရ၊

(ဋ) ဆွေးနွေးပြီးပြတ်ပြီးဖြစ်သော ကိစ္စတစ်ရပ်ကို ထပ်မံတင်ပြခြင်း မပြုရ၊

(ဌ) ဆွေးနွေးဆဲကိစ္စတစ်ခုနှင့် တိုက်ရိုက်မသက်ဆိုင်သောစကား မပြောဆိုရ၊

(ဍ) မိမိကိုယ်မိမိ အမွှမ်းတင်ခြင်းအားဖြင့်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအား သိက္ခာချခြင်းဖြင့် လည်းကောင်း၊ မသမာသောနည်းများဖြင့်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး ပိုင်ခွင့်ကို အလွဲသုံးစားမပြုရ၊

(ဎ) ဥပဒေကြမ်း တင်သွင်းသည့်ကိစ္စနှင့် ကြိုတင်ပြုစုလာသော စာတမ်းကို ဖတ်ကြားတင်သွင်းရန် ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စများမှအပ အခြားကိစ္စများတွင် နှုတ်ဖြင့်သာ ဆွေးနွေးပြောကြားရမည်။

၄၃။ **အရေးယူရန်နည်းလမ်းများ။** ဥက္ကဋ္ဌသည် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက နည်းဥပဒေ ၄၂ တွင် ဖော်ပြထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိလျှင် သတိပေးရမည့်အပြင် တားမြစ်ချက် တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ခဲ့သော စကားရပ်များကို ရုပ်သိမ်းရန် ညွှန်ကြားရမည်။

(ခ) မိမိ၏ သတိပေးချက်ကို လွှတ်တော်ကိုယ်စားလှယ်က မလိုက်နာဘဲ ဆက်လက်ဖောက်ဖျက်ကျူးလွန် နေလျှင် ယင်းလွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးခြင်းကို ရပ်စဲရန် ညွှန်ကြားရမည်။

(ဂ) ညွှန်ကြားချက်ကိုမလိုက်နာပါက အစည်းအဝေးကိုခေတ္တရပ်နား၍ ယင်းလွှတ်တော်ကိုယ်စားလှယ်အား မည်ကဲ့သို့ အရေးယူရမည်ကို စဉ်းစားပြီး အောက်ပါအချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက် ပို၍ဖြစ်စေ ဆောင်ရွက်နိုင်သည် -

(၁) ပြစ်တင်ရှုတ်ချခြင်း၊

(၂) ထိုနေ့ရက်အတွက် ဆွေးနွေးခွင့် ရပ်ဆိုင်းခြင်း၊

(၃) ထိုနေ့ရက်အတွက် လွှတ်တော်အစည်းအဝေးခန်းမမှ ထွက်ခွာသွားစေခြင်း၊

(၄) ကျင်းပဆဲ လွှတ်တော်အစည်းအဝေးကာလတစ်လျှောက်လုံးအတွက် အစည်းအဝေး တက်ရောက်ခွင့် ရုပ်သိမ်းခြင်း၊

(၅) ဖောက်ဖျက်ကျူးလွန်ခဲ့သော စကားရပ်များကို လွှတ်တော်မှတ်တမ်းမှ နုတ်ပယ်ခြင်း၊

(၆) နိုင်ငံတော်၏ လျှို့ဝှက်ချက်ကို ဖောက်ဖျက်ပါက မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေအရလည်းကောင်း၊ ပြစ်မှုဆိုင်ရာဥပဒေကို ဖောက်ဖျက်ပါက ပြစ်မှုဆိုင်ရာဥပဒေအရလည်းကောင်း အရေးယူခြင်း။

## ခွင့်ပန်ကြားခြင်းနှင့် ခွင့်မဲ့ပျက်ကွက်ခြင်း

၄၄။ **ခွင့်ပန်ကြားခြင်း။** လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် စပ်လျဉ်း၍ -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်လျှင် မတက်ရောက်နိုင်သည့် ကာလကိုဖော်ပြ၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်၏ ခွင့်ပြုချက် တင်ပြတောင်းခံရမည်။

(ခ) သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က) အရ တင်ပြချက်ကို ဆွေးနွေးခြင်းမပြုစေဘဲ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။

၄၅။ **ခွင့်မဲ့ပျက်ကွက်ခြင်း။** လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် -

(က) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်၏ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် ယင်းသို့ ပျက်ကွက်ကြောင်း ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြရမည်။

(ခ) ယင်းသို့ ခွင့်မဲ့ပျက်ကွက်သည့်အတွက် ထိုလွှတ်တော်ကိုယ်စားလှယ်၏နေရာ လစ်လပ်သည်ဟု ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ကြေညာရမည်။

(ဂ) အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလနှင့် နည်းဥပဒေ ၃၁၊ နည်းဥပဒေခွဲ (ဈ) နှင့် နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၃)၊ (၄) တို့အရ အစည်းအဝေးတက်ရောက်ခွင့် ရုပ်သိမ်းထားသည့်ကာလများကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(ဃ) နည်းဥပဒေခွဲ (ခ) အရ လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်သွားလျှင် လိုအပ်သလို ဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌက ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားရမည်။

## အခန်း (၇)

## ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ ပြည်နယ်အဆင့်ဝန်ကြီးဌာန အရေအတွက်နှင့် အဖွဲ့အစည်းဝင်ဦးရေကို အဆုံးအဖြတ်ပေးခြင်း

၄၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) နှင့်အညီ ပြည်နယ်ဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ ပုဒ်မ ၂၄၈၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) နှင့်အညီ ပြည်နယ်ဝန်ကြီးဦးရေကိုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) နှင့်အညီ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း သတ်မှတ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

၄၇။ နည်းဥပဒေ ၄၆ အရ ဆုံးဖြတ်သတ်မှတ်ထားသည့် ပြည်နယ်ဝန်ကြီးဌာန အရေအတွက်ကိုလည်းကောင်း၊ ပြည်နယ်အစိုးရဝန်ကြီးဦးရေကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးဦးရေကိုလည်းကောင်း အခါအားလျော်စွာ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဦးရေကိုတိုးခြင်း၊ လျှော့ခြင်းပြုလုပ်လိုကြောင်း နိုင်ငံတော်သမ္မတ၏ အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌသည် လွှတ်တော်အစည်းအဝေးတွင် အဆုံးအဖြတ်ရယူပြီး ယင်းအဆုံးအဖြတ်ကို နိုင်ငံတော်သမ္မတထံ တင်ပြရမည်။

## ပြည်နယ်အဆင့်အဖွဲ့အစည်းဝင် ခန့်အပ်တာဝန်ပေးရန် သဘောတူညီချက်ရယူခြင်း

၄၈။ နိုင်ငံတော်သမ္မတက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့်အညီ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များထဲက သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံသော သင့်လျော်သည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး၏ အမည်စာရင်းကို အဆိုပြုလာလျှင် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက် ရယူရမည်။

၄၉။ နိုင်ငံတော်သမ္မတက ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့်အညီ ပြည်ထောင်စုတရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးချုပ်တို့နှင့် ညှိနှိုင်းပြီး အမည်စာရင်းကို အဆိုပြုလာလျှင် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက် ရယူရမည်။

၅၀။ ပြည်နယ်ဝန်ကြီးချုပ်က အောက်ပါပြည်နယ်အဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များကို ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂)၊ ပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) တို့နှင့်အညီ အမည်စာရင်းကို အဆိုပြုလာလျှင် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက် ရယူရမည် -

(က) ပြည်နယ်ဝန်ကြီးများ၊

(ခ) ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊

(ဂ) ပြည်နယ်ဥပဒေချုပ်၊

(ဃ) ပြည်နယ်စာရင်းစစ်ချုပ်။

၅၁။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၄၈၊ ၄၉ နှင့် ၅၀ တို့အရ လွှတ်တော်၏ သဘောတူညီချက် ရယူနိုင်ရေးအတွက် -

(က) အဆိုပြုထားသော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို လွှတ်တော်အစည်းအဝေး၌ ကြေညာရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ကြေညာသော အမည်စာရင်းပါ ပုဂ္ဂိုလ်တစ်ဦးဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၆၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၂၇၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၁၀ တို့တွင် သတ်မှတ်ထားသော သက်ဆိုင်ရာ အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာရမည်။

၅၂။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၅၁ အရ ဆောင်ရွက်ရာတွင် ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိလျှင် ယင်းသို့မရှိသော အမည်စာရင်းပါ ပုဂ္ဂိုလ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ရာထူးတွင် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာရမည်။

၅၃။ ဥက္ကဋ္ဌသည် နည်းဥပဒေ ၅၂ အရ လွှတ်တော်သို့ ကြေညာပြီးနောက် ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသော ပုဂ္ဂိုလ်အား သက်ဆိုင်ရာ ရာထူးတွင် ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း နိုင်ငံတော်သမ္မတက အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတထံလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် ပြည်နယ်ဝန်ကြီးချုပ်ထံလည်းကောင်း အကြောင်းကြားရမည်။

၅၄။ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ (ခ) ပါ ကြေညာချက်အရ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်သည် ကန့်ကွက်ကြောင်း အဆိုကို ဥက္ကဋ္ဌထံ တင်သွင်းရမည်။ ယင်းအဆိုနှင့်အတူ မိမိကန့်ကွက်လိုသော ပုဂ္ဂိုလ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ထားသော အရည်အချင်းများနှင့် မပြည့်စုံကြောင်း ခိုင်လုံသည့် သက်သေအထောက်အထားများလည်း ပူးတွဲတင်ပြရမည်။

၅၅။ နည်းဥပဒေ ၅၄ အရ တင်သွင်းသည့် ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် ဥက္ကဋ္ဌသည် လွှတ်တော်၏ အဆုံးအဖြတ်ကို ဦးစွာ ရယူရမည်။

၅၆။ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် မသင့်ကြောင်း လွှတ်တော်က ဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်မရှိကြောင်း ကြေညာပြီး နည်းဥပဒေ ၅၃ ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၅၇။ ကန့်ကွက်ကြောင်းအဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က ဆုံးဖြတ်လျှင် ဥက္ကဋ္ဌသည် ယင်းအဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာရမည်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥက္ကဋ္ဌက သတ်မှတ်သည့် အစီအစဉ် အတိုင်း ဆွေးနွေးရမည်။

၅၈။ နည်းဥပဒေ ၅၇ အရ ဆွေးနွေးပြီးသည့်အခါ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူရမည်။ လွှတ်တော်က -

(က) ကန့်ကွက်ကြောင်းအဆိုကို သဘောမတူကြောင်း ဆုံးဖြတ်လျှင် နည်းဥပဒေ ၅၃ ပါအတိုင်း ဆောင်ရွက်ရမည်။

(ခ) ကန့်ကွက်ကြောင်းအဆိုကို သဘောတူကြောင်း ဆုံးဖြတ်လျှင် လွှတ်တော် သဘောတူညီချက် မရရှိသည့် ပုဂ္ဂိုလ်အစား အမည်စာရင်းသစ်ကို လွှတ်တော်သို့ ထပ်မံတင်သွင်းနိုင်ကြောင်း နိုင်ငံတော် သမ္မတက အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတထံလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် ပြည်နယ်ဝန်ကြီးချုပ်ထံလည်းကောင်း ဥက္ကဋ္ဌက အကြောင်းကြားရ မည်။

၅၉။ နည်းဥပဒေ ၅၄ အရ လွှတ်တော်တွင် ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းခံရသော ပုဂ္ဂိုလ် တစ်ဦးဦးနှင့် ပတ်သက်၍ -

(က) နိုင်ငံတော်သမ္မတက အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတကလည်းကောင်း၊ ပြည်နယ် ဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ယင်းကန့်ကွက် ကြောင်း အဆိုတင်သွင်းခြင်းခံရသူ၏ အမည်စာရင်းကိုရုပ်သိမ်းလိုလျှင် ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ခ) ကန့်ကွက်ကြောင်း အဆိုတင်သွင်းခြင်းခံရသူ ကိုယ်တိုင်ကလည်း မိမိအား အမည်စာရင်း တင်သွင်း ထားခြင်းကို ရုပ်သိမ်းလိုလျှင် ရုပ်သိမ်းနိုင်သည်။

(ဂ) ကန့်ကွက်ကြောင်း အဆိုတင်သွင်းသူသည် ကန့်ကွက်ကြောင်းအဆိုကို လွှတ်တော်က လက်ခံ ဆွေးနွေးရန်မဆုံးဖြတ်မီ မိမိ၏ အဆိုကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

(ဃ) ဥက္ကဋ္ဌသည် နည်းဥပဒေခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ ရုပ်သိမ်းခြင်းကို ခွင့်ပြုရမည်။

(င) နည်းဥပဒေခွဲ (ဃ) အရ အမည်စာရင်းရုပ်သိမ်းခြင်းကိုခွင့်ပြုလျှင် နိုင်ငံတော်သမ္မတကအဆိုပြုသည့် ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်သမ္မတကလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုသည့် ပုဂ္ဂိုလ် ဖြစ်လျှင် ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း ယင်းပုဂ္ဂိုလ်အစား အမည်စာရင်းသစ် ထပ်မံ အဆိုပြုခွင့်ရှိသည်။

**ကတိသစ္စာပြုခြင်း**

၆၀။ နည်းဥပဒေ ၄၈၊ ၄၉ နှင့် ၅၀ တို့ပါ ပြည်နယ်အဆင့်အဖွဲ့အစည်းများအတွက် လွှတ်တော်က သဘောတူညီချက်ပေးသည့် အဖွဲ့ဝင်များသည် သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းများကို စတင် ဆောင်ရွက်ရန် လုံလောက်သည့် အဖွဲ့ဝင်ဦးရေဖြစ်သည်ဟု ပြည်နယ်ဝန်ကြီးချုပ်က သဘောရရှိလျှင် ပြည်နယ် ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များအဖြစ်လည်းကောင်း ခန့်အပ်တာဝန်

ပေးခြင်းခံထားရသူများအား လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ရှေ့မှောက်၌ နောက်ဆက်တွဲ (ဂ) ပါအတိုင်း ကတိသစ္စာပြုစေရမည်။ ယင်းသို့ ကတိသစ္စာ မပြုမီ -

(က) ပြည်နယ်ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၁ နှင့် ညီညွတ်ပြီးဖြစ်ရမည်။

(ခ) ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၉၊ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၃၁၀၊ ပုဒ်မခွဲ (စ) နှင့် (ဆ) တို့နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

(ဂ) ပြည်နယ်ဝန်ကြီးများအနက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများတွင် ဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသော တပ်မတော်သား ဝန်ကြီးမှအပ ကျန်ပြည်နယ်ဝန်ကြီးများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်ခွဲ (ပ)၊ ပုဒ်မခွဲငယ် (၁) နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

(ဃ) ပြည်နယ်ဥပဒေချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၈ နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

(င) ပြည်နယ်စာရင်းစစ်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၃ နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

၆၁။ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (င) နှင့်အညီ ပြည်နယ်ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌသည်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးရေးရာ ဆောင်ရွက်ရန် ရွေးကောက်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များသည်လည်းကောင်း ပြည်နယ်ဝန်ကြီးအဖြစ် လွှတ်တော်အစည်းအဝေးတွင် ဥက္ကဋ္ဌ၏ရှေ့မှောက်၌ နောက်ဆက်တွဲ (ဂ) ပါအတိုင်း ကတိသစ္စာပြုရမည်။ ယင်းသို့ ကတိသစ္စာမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂ ပုဒ်မခွဲ (ပ) ပုဒ်မခွဲငယ် (၁) နှင့် ညီညွတ်ပြီး ဖြစ်ရမည်။

## အခန်း (၈)
## လွှတ်တော်ကော်မတီနှင့်အဖွဲ့များ

၆၂။ **ဖွဲ့စည်းခြင်း။** လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဥက္ကဋ္ဌသည် -

(က) ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ပုဒ်မ ၂၄ အရ အပ်နှင်းထားသည့် ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများ အရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စများကို လေ့လာတင်ပြနိုင်စေရေးအတွက် လိုအပ်သည့်အခါ ကော်မတီနှင့် အဖွဲ့များကို သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းနိုင်သည်။

(ခ) ကော်မတီနှင့်အဖွဲ့များကို ဖွဲ့စည်းသည့်အခါ ယင်းကော်မတီ သို့မဟုတ် အဖွဲ့များတွင် ပါဝင်သင့်သည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကိုလည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍လည်းကောင်း၊ ယင်းကော်မတီနှင့် အဖွဲ့များအလိုက် တာဝန်ယူဦးဆောင်မည့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း ကော်မတီ သို့မဟုတ် အဖွဲ့များ၏ အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကိုလည်းကောင်း သတ်မှတ်ပေးရမည်။

၆၃။ ကော်မတီနှင့် အဖွဲ့များသည် ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

### ဆက်သွယ်ဆောင်ရွက်ခြင်း

၆၄။ နည်းဥပဒေ ၆၂ အရ ဖွဲ့စည်းသော လွှတ်တော်ကော်မတီနှင့် အဖွဲ့များသည် ပြည်နယ်အဆင့် အဖွဲ့အစည်းတို့နှင့် တိုက်ရိုက်ဆက်သွယ်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ ကြားနာခြင်းနှင့် လိုအပ်သည့် အထောက်အထားများကို တင်ပြစေခြင်း ပြုနိုင်သည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် ( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

[ ယခင်အပတ်မှအဆက် ]

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
( ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

အမှတ် ၁၇၀/၂၀၁၄ ။ ။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၇) မှ အောက်ဖော်ပြပါ ဗိုလ်လောင်းများအား ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့မှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၂၇၁) | ဖြိုးသက်ကျော် | ကြည်း | ၆၈၃၃၆ |
| (၂၇၂) | ကောင်းမြတ်ကျော် | ကြည်း | ၆၈၃၃၇ |
| (၂၇၃) | သိန်းဇေယျာဦး | ကြည်း | ၆၈၃၃၈ |
| (၂၇၄) | ဟိန်းထက်အောင် | ကြည်း | ၆၈၃၃၉ |
| (၂၇၅) | ကောင်းကြွယ်ခန့် | ကြည်း | ၆၈၃၄၀ |
| (၂၇၆) | စောမောင်မောင် | ကြည်း | ၆၈၃၄၁ |
| (၂၇၇) | ကောင်းခန့်သာ | ကြည်း | ၆၈၃၄၂ |
| (၂၇၈) | ညီညီဆွေ | ကြည်း | ၆၈၃၄၃ |
| (၂၇၉) | ပြည့်ဝေကျော် | ကြည်း | ၆၈၃၄၄ |
| (၂၈၀) | ထက်အောင်လွှမ်း | ကြည်း | ၆၈၃၄၅ |
| (၂၈၁) | ဇင်မင်းထွေး | ကြည်း | ၆၈၃၄၆ |
| (၂၈၂) | အောင်ကျော်သူ | ကြည်း | ၆၈၃၄၇ |
| (၂၈၃) | အောင်မြတ်သူ | ကြည်း | ၆၈၃၄၈ |
| (၂၈၄) | ကောင်းမြတ်ထူး | ကြည်း | ၆၈၃၄၉ |
| (၂၈၅) | ကျော်မင်းထွန်း | ကြည်း | ၆၈၃၅၀ |
| (၂၈၆) | သန့်ဇင်ထွန်း | ကြည်း | ၆၈၃၅၁ |
| (၂၈၇) | မြတ်မင်းသူ | ကြည်း | ၆၈၃၅၂ |
| (၂၈၈) | ထူးဝဏ္ဏဦး | ကြည်း | ၆၈၃၅၃ |
| (၂၈၉) | ပြည့်ဖြိုးကျော် | ကြည်း | ၆၈၃၅၄ |
| (၂၉၀) | ဖြိုးဟိဏ်းထက် | ကြည်း | ၆၈၃၅၅ |
| (၂၉၁) | အောင်မင်းကို | ကြည်း | ၆၈၃၅၆ |
| (၂၉၂) | ဖြိုးကိုကို | ကြည်း | ၆၈၃၅၇ |
| (၂၉၃) | အောင်ကောင်းမြတ် | ကြည်း | ၆၈၃၅၈ |
| (၂၉၄) | ရန်အောင် | ကြည်း | ၆၈၃၅၉ |

| | | | |
|---|---|---|---|
| (၂၉၅) | သိန်းမင်း | ကြည်း | ၆၈၃၆၀ |
| (၂၉၆) | ကျော်စည်ဟိန်း | ကြည်း | ၆၈၃၆၁ |
| (၂၉၇) | ဝဏ္ဏအောင် | ကြည်း | ၆၈၃၆၂ |
| (၂၉၈) | စိုးကိုကို | ကြည်း | ၆၈၃၆၃ |
| (၂၉၉) | ဇာနည်ထွန်း | ကြည်း | ၆၈၃၆၄ |
| (၃၀၀) | ဟိန်းအောင်ကျော် | ကြည်း | ၆၈၃၆၅ |
| (၃၀၁) | ထွန်းထွန်းဝင်း | ကြည်း | ၆၈၃၆၆ |
| (၃၀၂) | စိုးမိုး | ကြည်း | ၆၈၃၆၇ |
| (၃၀၃) | ဝင်းထက် | ကြည်း | ၆၈၃၆၈ |
| (၃၀၄) | ဟိန်းလင်းထက် | ကြည်း | ၆၈၃၆၉ |
| (၃၀၅) | ကောင်းသန့်ဇင် | ကြည်း | ၆၈၃၇၀ |
| (၃၀၆) | ဖွဲ့မာန်အောင် | ကြည်း | ၆၈၃၇၁ |
| (၃၀၇) | ထွန်းဇော်အောင် | ကြည်း | ၆၈၃၇၂ |
| (၃၀၈) | မျိုးမြင့်အောင် | ကြည်း | ၆၈၃၇၃ |
| (၃၀၉) | ကျော်ဟန်ထွန်း | ကြည်း | ၆၈၃၇၄ |
| (၃၁၀) | ကျော်ခန့်ဇော် | ကြည်း | ၆၈၃၇၅ |
| (၃၁၁) | မင်းသန့်ကျော် | ကြည်း | ၆၈၃၇၆ |
| (၃၁၂) | အောင်သိန်းဦး | ကြည်း | ၆၈၃၇၇ |
| (၃၁၃) | မျိုးမင်းခန့် | ကြည်း | ၆၈၃၇၈ |
| (၃၁၄) | ဇော်ရဲထက် | ကြည်း | ၆၈၃၇၉ |
| (၃၁၅) | မြသန်းကျော် | ကြည်း | ၆၈၃၈၀ |
| (၃၁၆) | ဟိန်းရဲထက် | ကြည်း | ၆၈၃၈၁ |
| (၃၁၇) | ငြိမ်းချမ်းအောင် | ကြည်း | ၆၈၃၈၂ |
| (၃၁၈) | လှိုင်မင်း | ကြည်း | ၆၈၃၈၃ |
| (၃၁၉) | မြတ်မင်းဦး | ကြည်း | ၆၈၃၈၄ |
| (၃၂၀) | ရဲသူစိုး | ကြည်း | ၆၈၃၈၅ |
| (၃၂၁) | သန့်ဇင်အောင် | ကြည်း | ၆၈၃၈၆ |
| (၃၂၂) | ဇာနည်အောင် | ကြည်း | ၆၈၃၈၇ |
| (၃၂၃) | နေအောင်ခိုင် | ကြည်း | ၆၈၃၈၈ |
| (၃၂၄) | အောင်ကျော်ဆန်း | ကြည်း | ၆၈၃၈၉ |
| (၃၂၅) | ပြည့်ဖြိုးမောင် | ကြည်း | ၆၈၃၉၀ |
| (၃၂၆) | ကောင်းမြတ်အောင် | ကြည်း | ၆၈၃၉၁ |
| (၃၂၇) | စိုင်းထက်အောင် | ကြည်း | ၆၈၃၉၂ |
| (၃၂၈) | ထက်ဝေဦး | ကြည်း | ၆၈၃၉၃ |
| (၃၂၉) | ဝေယံဟိဏ်း | ကြည်း | ၆၈၃၉၄ |
| (၃၃၀) | ပြည့်ဖြိုးကျော် | ကြည်း | ၆၈၃၉၅ |
| (၃၃၁) | ဖွဲ့ရန်နိုင် | ကြည်း | ၆၈၃၉၆ |
| (၃၃၂) | ထက်ဝေအောင် | ကြည်း | ၆၈၃၉၇ |
| (၃၃၃) | သက်ဦး | ကြည်း | ၆၈၃၉၈ |
| (၃၃၄) | ဇော်မျိုးထွန်း | ကြည်း | ၆၈၃၉၉ |
| (၃၃၅) | ထက်အာကာ | ကြည်း | ၆၈၄၀၀ |
| (၃၃၆) | အောင်သူမင်း | ကြည်း | ၆၈၄၀၁ |
| (၃၃၇) | အောင်ချမ်းငြိမ်း | ကြည်း | ၆၈၄၀၂ |
| (၃၃၈) | ဝင်းမင်းအောင် | ကြည်း | ၆၈၄၀၃ |
| (၃၃၉) | ဟိန်းဇော်ဦး | ကြည်း | ၆၈၄၀၄ |
| (၃၄၀) | သော်ဇင် | ကြည်း | ၆၈၄၀၅ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၁၅ ရက် ( ၂၀၁၅ ခုနှစ်၊ ဧပြီလ ၃ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ဖူးပြည့်ခိုင် ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ဖူးပြည့်ခိုင် ကုမ္ပဏီလီမိတက် (Phu Pyae Khaing Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဖူးပြည့်ခိုင် ကုမ္ပဏီလီမိတက် (Phu Pyae Khaing Co.,Ltd.)** အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Nanda Maung Maung
Managing Director
Phu Pyae Khaing Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဖြိုးမိသားစု သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ဖြိုးမိသားစု သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (Phyo Family Mining Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဖြိုးမိသားစု သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (Phyo Family Mining Co.,Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Ei Thadar Zaw
Managing Director
Phyo Family Mining Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဘာမထီ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ဘာမထီ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (Bar Ma Hte Gems & Jewellery Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဘာမထီ ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (Bar Ma Hte Gems & Jewellery Co.,Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Kyaw Moe Zaw
Managing Director
Bar Ma Hte Gems & Jewellery Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဘာမထီ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ဘာမထီ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (Bar Ma Hte Services Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဘာမထီ ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (Bar Ma Hte Services Co.,Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Kyaw Moe Zaw
Managing Director
Bar Ma Hte Services Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ဘာမထီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**ဘာမထီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Bar Ma Hte Trading Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **ဘာမထီ ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (Bar Ma Hte Trading Co.,Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Kyaw Moe Zaw
Managing Director
Bar Ma Hte Trading Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**သက်တန့်ရောင်စဉ် စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်**

(အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ)

**မြီရှင်များသို့ သတိပေးချက်**

**သက်တန့်ရောင်စဉ် စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှု ကုမ္ပဏီလီမိတက် (Spectrum Energy Resources Services Co.,Ltd.)** ဒါရိုက်တာအဖွဲ့၏ (၁၉. ၃. ၂၀၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **သက်တန့်ရောင်စဉ် စွမ်းအားအရင်းအမြစ် ဝန်ဆောင်မှု ကုမ္ပဏီ လီမိတက် (Spectrum Energy Resources Services Co.,Ltd.)** အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးအောင်သိန်း (တရားလွှတ်တော်ရှေ့နေ) အား ခန့်အပ်ကြောင်း ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ကျွန်ုပ်ထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၂၀၁၅ ခုနှစ်၊ မေလ ၃ ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်ပါလိပ်စာအတိုင်း တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Kyaw Moe Zaw
Vice President
Spectrum Energy Resources Services Co.,Ltd.

ဦးအောင်သိန်း
(B.Econ, D.S, R.L)
တရားလွှတ်တော်ရှေ့နေ (၇၅၉၈)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊
နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အစုရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

(Voluntary Liquidation)

**သဘာဝတောလမ်း ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်**

**NATURE TRAIL TRAVELS & TOURS COMPANY LIMITED**

၂၂-၈-၂၀၀၇ နေ့စွဲပါ မှတ်ပုံတင်အမှတ် ၃၈၅/၂၀၀၇ - ၂၀၀၈ ဖြင့် တည်ထောင်ထားသော **သဘာဝတောလမ်း ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက် (NATURE TRAIL TRAVELS & TOURS COMPANY LIMITED)** ကို အစုရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀-၃-၂၀၁၅ ရက်နေ့တွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

ယင်းအစည်းအဝေးက စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၄၄)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးမင်းလွင်ဦး (B.Com, C.P.A) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၃-၅-၂၀၁၅ ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Aung Khaing
Managing Director
Nature Trail Travels & Tours Co.,Ltd.

ဦးမင်းလွင်ဦး
(B.Com, C.P.A)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၄၄)၊ ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊
(၁၀) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**Hnin Tha Zin Oo Mining Co.,Ltd.**

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ (၁၁-၃-၂၀၁၅) ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၂-၅-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Naing Moe Aung
Managing Director
Hnin Tha Zin Oo Mining Co.,Ltd.

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

**Golden Kyauktan Beans and Pulses Trading Co.,Ltd.**

**မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း

**ကြေညာချက်**

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ (၁၁-၃-၂၀၁၅) ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏ မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို (၂-၅-၂၀၁၅) ရက်နေ့ နောက်ဆုံးထား၍ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

TUN LWIN
Managing Director
Golden Kyauktan Beans and Pulses Trading Co.,Ltd.

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B;L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၂၉၈၃၇၈၊ ၀၉-၅၀၀၈၅၈၃

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၃-၄-၂၀၁၅။